အရိယသစ္စာန ဒဿနံ စေတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောဝတီတိုင်းဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများတည်ဆောက်ပေးလျက်ရှိ ရန်ကုန်-ပုသိမ်လမ်းမကြီး အဆင့်မြှင့်တင်ပေးလျက်ရှိ၍ ဒေသဖွံ့ဖြိုးတိုးတက်မှုပိုမိုဖြစ်ထွန်းလာ စပါးအထွက်တိုးရေးစနစ်တကျစီမံဆောင်ရွက်၍ နိုင်ငံတော်၏စပါးကျီဆိုသည့်ဂုဏ်ဒြပ်ကိုထိန်းသိမ်း

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးသို့ရောက်ရှိရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့သို့ရောက်ရှိကြရာ ပုသိမ်ခရိုင်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေးရွာအုပ်စု ညောင်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ■

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဧပြီ ၁၈ရက်ညက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်း-၃) **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

တိုင်းပြည်အတွက်လိုအပ်သည့်ပညာရှင်များ ပိုင်ပိုင်နိုင်နိုင်မွေးထုတ် ကျောင်းသစ်၊ ဆရာသစ်၊ ပညာသစ်ဖြင့် နိုင်ငံတော်သစ်တည်ဆောက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးတွင် နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့် ဆီလျော်ညီညွတ်စွာ နိုင်ငံတော်အတွင်း ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ နယ်ပယ်ကဏ္ဍစုံ၌ တိုးတက်ဖြစ်ထွန်းနေစေရန် လိုအပ်သည်။

မိမိနိုင်ငံ မိမိတည်ဆောက်နိုင်စွမ်းရှိသည့် အရည်အသွေးမြင့်မားသော စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ဗိသုကာပညာရှင်များ၊ သိပ္ပံပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်နိုင်ရေးသည်လည်း ပဓာန အကျဆုံး အမျိုးသားရေးလိုအပ်ချက်ဖြစ်သည်ကို တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့် နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ သိပ္ပံနှင့်နည်းပညာရပ်နယ်ပယ်စုံတွင် တိကျခိုင်မာသည့် ရည်မှန်းချက်များထားရှိပြီး အနာဂတ်အတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် လေကြောင်းနှင့် အာကာသပညာရပ်များ၊ ရေကြောင်းပညာရပ်များ တိုးတက်ဖြစ်ထွန်းလာစေရေး၊ လေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပညာရှင်များနှင့် တည်ဆောက်ရေးအင်ဂျင်နီယာများ၊ လေကြောင်းပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးတို့နှင့် နီးနွယ်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် သက်ဆိုင်ရာတက္ကသိုလ်များ ထူထောင်သွားရန် လမ်းညွှန်ခဲ့ခြင်းကြောင့် နိုင်ငံတကာအဆင့်မီ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်တို့ အလျင်အမြန် ပေါ်ထွန်းလာခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၁၂ရက်နေ့က မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို စီမံဆောင်ရွက်ပေးပြီး–

“မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သည် သီးခြားတက္ကသိုလ်အဖြစ် အသစ်စတင် ထူထောင်ရခြင်းဖြစ်သဖြင့် သင်ကြားရေး၊ တည်ဆောက်ရေး စသည်တို့၌ ပြည့်စုံမှု မရှိဘဲ အားနည်းချက်များ ရှိနိုင်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ရရှိလာသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ပို၍ပြည့်စုံအောင်၊ ပို၍တိုးတက်ကောင်းမွန်အောင် ပြုပြင်ဖြည့်ဆည်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တက္ကသိုလ်၌ တာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမများအား ပြည်ပ တိုင်းပြည်များသို့ စေလွှတ်၍ ပညာသင်ယူစေခြင်း၊ ပြည်ပမှ ပညာရှင်များအား ညှိနှိုင်းခေါ်ယူ၍ သင်ကြား ပို့ချစေခြင်းတို့ဖြင့် သင်ကြားပို့ချမှုအပိုင်းကို ထိရောက်အောင် စီမံရမှာဖြစ်ကြောင်း”
လမ်းညွှန် မှာကြားသည်။

တာဝန်ရှိသူများက တက္ကသိုလ်အတွက် ခေတ်မီသင်ကြားလေ့ကျင့်ရေးပစ္စည်းများ ပြည့်စုံအောင် ဖြည့်ဆည်းခြင်းတို့ဖြင့် အဆင့်အတန်းရှိသည့် တက္ကသိုလ်ဖြစ်စေရန် ဖိဖိစီးစီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်၏ အနာဂတ် လေကြောင်းနှင့်အာကာသဆိုင်ရာ ပညာရှင်များကို မွေးထုတ်နိုင်မှသာ အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း လိုက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် ဘာသာရပ်အသစ်၊ တက္ကသိုလ်အသစ်ဖြစ်သော်လည်း တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သည့် ပညာရှင်များကို ပိုင်ပိုင်နိုင်နိုင်မွေးထုတ်နိုင်ရေး ကြိုးပမ်း စီမံဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ဆရာ ဆရာမများအပိုင်းကလည်း ကျောင်းသစ်၊ ဆရာသစ်၊ ပညာသစ်များဖြင့် နိုင်ငံတော်သစ်ကို တည်ဆောက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့တော်နေပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး ရေလှောင်ကန်ကြီးများအတွင်း ပရိတ်ရေများသွန်းလောင်း

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့တော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် ရေလှောင် ကန်ကြီးအတွင်းသို့ ပရိတ်ရေများသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဖူးကြီးရေလှောင်ကန် ဧည့်ရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ဒုတိယ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်နှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့်ဇနီး၊ ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ရေစက်ချ

ဆက်လက်၍ဆရာတော်သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

ပရိတ်ရေ

ထို့နောက် ရန်ကုန်မြို့တော်နေ ပြည်သူများ အန္တရာယ် ကင်းရှင်းစေရန် ဆရာတော်၊သံဃာတော်များနှင့် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့က ဖူးကြီးရေလှောင်ကန်အတွင်းသို့ ရေယူအဆောက်အအုံပေါ်မှ ပရိတ်ရေများ သွန်းလောင်းကြသည်။
(အပေါ်ပုံ)

သွန်းလောင်း

ထို့ပြင်အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်နှင့် ဝန်ထမ်းများက ဂျိုးဖြူ၊ လှော်ကား၊ ငမိုးရိပ်ရေလှောင်ကန်များအတွင်းသို့လည်း ပရိတ်ရေများ သွန်းလောင်းကြသည်။ **(၂၁၀)**

သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ရှင်စောပုဘုရား ရင်ပြင်မွှာရုံကြီးတွင်သာရေးနာရေးကူညီမှုအသင်းက ဒုတိယ အကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ယမန်နေ့ နံနက်၉ နာရီက ကျင်းပသည်။

ရှင်စောပုရပ်ကွက် သာရေးနာရေး ကူညီမှုအသင်း၏ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲသို့ အဘိုး၊ အဘွား၇၅ဦးတို့အား ရပ်ကွက်သူ ရပ်ကွက်သားများက လှူဖွယ်ပစ္စည်းများနှင့်အတူ နှစ်ဆန်းရက်မြတ်၌ ပူဇော်လှူဒါန်းကန်တော့ကြကြောင်း သိရသည်။ **(ယာပုံ)**
(၃၈၇)

ပုပ္ပားစကားဝါမြေ ဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက် နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဧပြီ၁၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝ ရပ်ကွက် ဓမ္မသဘင်၌လည်းကောင်း၊ ဧပြီ ၂၄ရက်တွင် လှိုင်မြို့နယ် (၇)ရပ်ကွက် ကျောင်းကုန်း၂လမ်းရှိ သန္တိသုခဓမ္မာရုံ ပဋ္ဌာန်းအောင်ပွဲ၌ လည်းကောင်း၊ ဧပြီ ၂၇ရက်နှင့် ၂၈ ရက်၌ သာကေတမြို့နယ် ရန်ပြေရပ်ကွက် မာဃဓမ္မာရုံ ဓမ္မသဘင်၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က–ပ)**

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ကြည်စွာ မိသားစုအသွင်နေထိုင်ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ် တစ်ဒေသတည်းမှ ပေါက်ဖွားသူများဖြစ်၍ အသွင်သဏ္ဌာန်ကွဲပြားသော်လည်း ခွဲခြားမရအောင်တူညီနေ ဘယ်သူခွဲခွဲ ဒို့မကွဲဆိုသည့် သဘောထားခံယူချက်ကို အမြဲထာဝရ ထိန်းသိမ်းစောင့်ရှောက်ကြရန်လို

ရန်ကုန် ဧပြီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၎င်း၏ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များ ဖြစ်ကြသည့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသမှ ဂျိန်းဖောတိုင်းရင်းသား တိုင်းရင်းသူများ၊ နောင်မွန်းဒေသမှ ရဝမ် တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်၊ ကုန်းကြမ်းဒေသမှ ကိုးကန့်တိုင်းရင်းသား တိုင်းရင်းသူများ၊ ပန်ဆန်းဒေသမှ 'ဝ'တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသမှ အခါတိုင်းရင်းသား တိုင်းရင်းသူများ၊ ပါလျိူ/ကျိုင်းလပ်ဒေသမှ ယွန်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောက်တလုံး ဒေသမှ ပအိုဝ်း တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ် မိုးဗြဲဒေသမှ ကယန်းတိုင်းရင်းသား တိုင်းရင်းသူများ၊ မော်ချီး ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ရေးတောင်ခြမ်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ပြည်နယ် လှိုင်းဘွဲဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ချောင်ချီဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မောင်တောဒေသမှ သက်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူး၊ ဗန်းမောက်ဒေသမှ ကဒူးတိုင်းရင်းသား တိုင်းရင်းသူများနှင့် နန်းယွန်း၊ ပန်ဆောင်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများအား ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မြရိပ်ညို ရွှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသအသီးသီးမှ တိုင်း ရင်း သား တိုင်း ရင်း သူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင်တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊နယ်စပ်ဒေသများမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုလက်ဆောင်များချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ည ၇နာရီတွင်ဂုဏ်ပြုညစာတည်ခင်းသည့် မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်သို့ ရောက်ရှိလာပြီး နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဂုဏ်ပြုညစာစားပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့၌ လာရောက်ဆင်နွှဲခဲ့ကြသော မြန်မာနိုင်ငံ အရှေ့၊ အနောက်၊ တောင်၊ မြောက် တစ်နံတစ်လျားမှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ မိမိတို့ဒေသများသို့ မပြန်မီ၊ မိသားစုများ ပြန်လည်မခွဲခွာမီ ဆုံစည်းကြသည့် သဘောဖြင့် ယနေ့ ဂုဏ်ပြုညစာစားပွဲကို တည်ခင်းဧည့်ခံရခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ဖြစ်လာမည့် နယ်မြေဒေသကြီးအတွင်း ရှေးပဝေသဏီ နှစ်ပေါင်းသန်းချီသည့် ကာလကစတင်၍ မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမ လူမျိုးစုများသည် ခေတ်အဆက်ဆက်တွင် မိမိတို့အသိုင်းအဝိုင်းအလိုက် ရေကြည်ရာ မြက်နုရာ လှည့်လည်စုဖွဲ့နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်စဉ်။ (သတင်းစဉ်)



မိမိတို့တိုင်းရင်းသားလူမျိုးစုများသည် အခြားသော ဝေးလံသည့်အရပ်ဒေသများမှ ပြောင်းရွှေ့ဝင်ရောက်လာခဲ့ကြသည်မဟုတ်ဘဲ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှေးနှစ်ပေါင်းသန်းပေါင်း ၄၀ ကျော်မှစတင်၍ လူသားမျိုးနွယ် အဆင့်ဆင့်ပေါက်ဖွားဖြစ်တည်လာခဲ့ပြီး ကျောက်ခေတ်၊ ကြေးခေတ် ခေတ်အဆက်ဆက်ပြောင်းလဲဖြစ်တည်လာခဲ့ပြီး မြန်မာလူမျိုးများဟူ၍ ဖြစ်ပေါ်ပေါက်ဖွားလာခဲ့သည့်သမိုင်းအထောက်အထားများကို နိုင်ငံတကာ ပညာရှင်များက အသိအမှတ်ပြုထားခဲ့ပြီးလည်း ဖြစ်ကြောင်း။

သို့ဖြစ်၍သမိုင်းခေတ်အဆက်ဆက်တွင် မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမသွေးချင်းများ တစုတစည်းတည်း ပေါင်းစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းကပေးလာသည့် အလွန်ကောင်းမြတ်သော အစဉ်အလာပင်ဖြစ်ကြောင်း။

ယင်းအစဉ်အလာကောင်းများ ဖြစ်တည်လာခဲ့ရာ သမိုင်းခေတ်အဆက်ဆက် ပြောင်းလဲမှုတွင် မြို့ပြနိုင်ငံများ ထူထောင်လာခဲ့သည့် ခေတ်အဆက်ဆက်တွင် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော် ဆိုသည့် အမျိုးသားနိုင်ငံတော်ကြီးများ ထူထောင်နိုင်ခဲ့ကြသည်အထိ တိုင်းရင်းသား သွေးချင်းသားရင်းများမှာ တစည်းတလုံးတည်း ပေါင်းစည်း ချစ်ကြည်နေထိုင်ခဲ့ကြကြောင်း၊တတိယမြန်မာနိုင်ငံတော်ခေတ်တွင် ကိုလိုနီနယ်ချဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုခံခဲ့ရပြီးနောက်တွင်မှကိုလိုနီနယ်ချဲ့များက မြန်မာတိုင်းရင်းသား လူမျိုးစုများကို ဝေးလံသည့် မတူညီသော ဒေသအသီးသီးက မြန်မာနိုင်ငံအတွင်း လာရောက်နေထိုင်ကြသည့် သူစိမ်းတစ်ရံဆံများဖြစ်သည်ဆိုသည့် သဘောထားအယူအဆများသွတ်သွင်းလာခဲ့ပြီး တိုင်းရင်းသားတစ်မျိုးနှင့် တစ်မျိုး အဆက်အဆံမရှိစေရအောင် သွေးခွဲအုပ်ချုပ်ခဲ့ရာမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အကြားသံသယစိတ်ထားများ စတင်ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ကြောင်း။

သန္ဓေတည်ပေါက်ဖွား

သို့ဖြစ်၍ အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပင်လုံမြေတွင် စုစည်းပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ တစ်သွေးတစ်သံတည်းသော စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းကို ပြန်လည်ဖော်ထုတ်တည်ဆောက်ခဲ့ကြသဖြင့် မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပြည်နယ်၊ တိုင်းများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးလည်း သန္ဓေတည်ပေါက်ဖွားဖြစ်တည်လာခဲ့ရခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ တပ်မတော်အစိုးရခေတ်ကာလတွင် တောင်ပေါ်မြေပြန့်၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသကွဲပြားမှုများ ပပျောက်စေရအောင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ရင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ဆိုလျှင် နယ်စပ်ဒေသများအားလုံးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံများမျှတစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး တိုင်းရင်းသားသွေးချင်းသားရင်း ညီအစ်ကို မောင်နှမများအကြား ဆက်သွယ်ဆက်ဆံမှုများ တိုးပွားဖြစ်ထွန်းကာ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုတိုးတက်ခိုင်မြဲနေပြီဖြစ်သည်ကို တွေ့နိုင်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းပြီးနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်ကြမည်ဆိုသည့် သဘောထားခံယူချက်များ ပိုမိုခိုင်မြဲလာခဲ့ပြီး နယ်စပ်ဒေသများအားလုံး၌ ငြိမ်းချမ်းသာယာမှုများ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ သမိုင်း၏အခိုက်အတန့်တစ်ခုတွင် အနေဝေးခဲ့ရသည့် တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများ အနေနီးပြီး ဆက်သွယ်ဆက်ဆံမှုများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ပိုမို နီးစပ်ဆက်ဆံမိစေရအောင်၊ ဒေသတစ်ခု၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို အခြားဒေသတစ်ခုမှ ပိုမိုနားလည်ပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေရအောင် ယခုကဲ့သို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် အတူတကွ လက်တွဲဆင်နွှဲသည့် အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း။

ရန်ကုန်မြို့သို့ လာရောက်စဉ်က မိမိတို့တိုင်းရင်းသားမျိုးနွယ်အလိုက် ရိုးရာအဝတ်အစားများဆင်ယင်လာခဲ့ကြပြီးနောက် ရန်ကုန်မြို့တော်တွင် တူညီဝတ်စုံများ ဝတ်ဆင်လိုက်သည့်အခါ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးမှာ ရုပ်ရည်သွင်ပြင် ပုံသဏ္ဌာန်အရောင်အဆင်းများခွဲခြားမရအောင် တူညီကြသည်ကို တွေ့မြင်ကြရကြောင်း၊ ဝတ်စားဆင်ယင်မှု ကွဲပြား၍သာ အသွင်သဏ္ဌာန်ကွဲပြားရသော်လည်း ပင်ကိုဥပဓိရုပ်များ ခွဲခြားမရအောင် တူညီကြသည်မှာ တစ်နေရာ တစ်ဒေသတည်းမှ ပေါက်ဖွားလာသည့် မိသားစုဝင်များဖြစ်သည် ဆိုသည့်သာဓကပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဤကဲ့သို့ သမိုင်းနှင့်ချီ၍ ဖြစ်ထွန်းလာခဲ့သဖြင့် အစဉ်အလာကောင်းများနှင့်အညီ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ရင်းနှီးချစ်ကြည်ပျော်ရွှင်စွာ မိသားစုအသွင်ဖြင့် နေထိုင်ခဲ့ကြသည်မှာ များစွာဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယနေ့ဆုံစည်းကြရသကဲ့သို့ နောင်တွင်လည်း အမြဲထာဝရ စည်းလုံးညီညွတ်စွာ ဆုံစည်းကြမည်ဟု ယုံကြည်မျှော်လင့်ထားကြရမှာဖြစ်သလို **"ဘယ်သူခွဲခွဲ ဒို့မကွဲ"** ဆိုသည့် သဘောထား ခံယူချက်ကိုလည်း အမြဲထာဝရ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုကြောင်း။

စာမျက်နှာ ၉ ကော်လံ ၅

အမေရိကန်စစ်လေယာဉ်များ ဖော်လူဂျာမြို့ကိုတိုက်ခိုက် အပြစ်မဲ့အီရတ်ပြည်သူအများအပြား သေကျေဒဏ်ရာရ

ဖော်လူဂျာ(အီရတ်) ဧပြီ ၁၇

အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အီရတ်ပြောက်ကျားများ ဖော်လူဂျာမြို့အနောက်ပိုင်း၌ ယမန်နေ့ညပိုင်းက တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ပြီးနောက် အီရတ် ၁၅ ဦး သေဆုံးသွားကြောင်း မျက်မြင်နှင့် ဆေးဝန်ထမ်းတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန် စစ်လေယာဉ်များသည် ဖော်လူဂျာမြို့ထဲသို့ ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိကြောင်း၊ အမေရိကန် သံချပ်ကာယာဉ်တစ်စီးမှာ တိုက်ခိုက်ဖျက်ဆီးခံခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောဆိုသည်။ အီရတ် ၁၅ ဦး သေဆုံးပြီး ၂၀ဒဏ်ရာရရှိသွားကြောင်းဖြင့်လည်း ဝါရင့်ဆေးဝန်ထမ်းဖြစ်သော ဒေါက်တာအစ်ဆမ်မိုဟာမက်က ပြောကြားသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ဧပြီ ၅ရက်တွင် ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သော နေရာများကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းတို့အား ခုခံတိုက်ခိုက်နေမှုများကြောင့် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဖမ်းဆီးထား

ဧပြီ ၁၇ ရက်က နာဂျက်ဖ်မြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုအနီး အီရတ်အချို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့များ ကူဖာမြို့၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေ

ကူဖာ(အီရတ်) ဧပြီ ၁၇

အီရတ်နိုင်ငံ ကူဖာမြို့၌ သောကြာနေ့က တိုက်ပွဲများဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း၊ အီရတ်လက်နက်ကိုင်ပြောက်ကျားများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ဆင်ခြေဖုံးရပ်ကွက်များအတွင်းသို့ ဝင်သွားကြကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ကူဖာမြို့ အရှေ့ပိုင်းမှ မော့တာဒါအယ်လ်ဆာဒါ၏ မက်ဒီအမည်ရှိ လက်နက်ကိုင် တပ်ဖွဲ့ဝင် အနည်းဆုံး ကားလေးစီးအပြည့်ဖြင့် နာဂျက်ဖ်မြို့သို့ ထွက်ခွာသွားကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက မော့တာဒါအယ်လ်ဆာဒါအားဖမ်းဆီးရန် သို့မဟုတ် သတ်ဖြတ်ရန်ကြံစည်နေသည်ဟု သိရသည်။

ဧပြီ ၁၇ရက်က ဖော်လူဂျာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေး သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကို ပြန်လည်ပစ်ခတ်နေသည့် စစ်ယာဉ်တစ်စီးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အခြားသောဖြစ်စဉ်မှာ အီရတ် ပြောက်ကျားများသည် တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ်များနှင့် ဒုံးပစ်လောင်ချာများကို ထမ်းလျက် ယူဖရိတ်မြစ်ပေါ်ရှိတံတားကိုဖြတ်ပြီး မြို့တွင်းသို့ ပြန်ဝင်သွားသည်ဟု ဆိုသည်။

အမေရိကန်စစ်ယာဉ်တန်းတစ်တန်းကို စောစောပိုင်းက မိမိတို့ အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ယခု အမေရိကန်နှင့် အပေါင်းပါတို့သည် ခုခံတိုက်ခိုက်ခြင်းကို ခံနေကြရပြီဖြစ်ကြောင်း အီရတ်ပြောက်ကျားတပ်ဖွဲ့ဝင်များက ပြောကြားသည်။ မိမိတို့သည် အမေရိကန်နှင့် အပေါင်းပါများကို ချုံခိုတိုက်ပွဲများဆင်နွှဲရန် ပြင်ဆင်ထားကြောင်း၊ အမေရိကန်ဟမ်းဗီးယာဉ်နှစ်စီးနှင့်သံချပ်ကာယာဉ်များကို ဖျက်ဆီးမီးရှို့နိုင်ခဲ့ကြောင်း မက်ဒီတပ်ဖွဲ့ဝင် ဝတ်စုံ ဝတ်ဆင်ထား သော လူတစ်ဦးက ပြောကြားသည်။

ထိန်းချုပ်နိုင်

အဆိုပါယူဖရိတ်မြစ်ကူးတံတားပေါ်မှ ဒဏ်ရာရ အီရတ်ပြောက်ကျားနှစ်ဦးကိုဖယ်ရှားနေချိန်၌ မီးခိုးမီးတန်းများကောင်းကင်ယံသို့ ပျံ့လွင့်လျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့ဝန်းကျင်တွင်စပိန်နှင့်ပိုလန်တပ်များချထားသည့်နေရာကိုထိန်းချုပ်နိုင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်မှ ယူကရိန်းနိုင်ငံသားများ အမြန်ထွက်ခွာရန် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထား

ကီယဲ့ဗ် ဧပြီ ၁၆

ယူကရိန်းနိုင်ငံသားများ အီရတ်မှ အမြန်ဆုံးထွက်ခွာကြရန် ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့၌ တိုက်တွန်းထားသည်ဟု သိရသည်။

အီရတ်ရှိ ယူကရိန်းသံရုံးအား ယူကရိန်းနိုင်ငံသားများ ဦးရေနှင့်စပ်လျဉ်း၍ သတင်းများစုဆောင်းရန် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ထားသည်။ ယူကရိန်းနိုင်ငံသားများ စာရင်းတွင် အီရတ်ရှိ အခြားနိုင်ငံများ၏ အဖွဲ့အစည်းများ၌ လုပ်ကိုင်နေသော ယူကရိန်းနိုင်ငံသားများ ပါဝင်သည်ဟု ဆိုသည်။

အသင့်ရှိ

ယူကရိန်း အာဏာပိုင်များသည် သတင်းရပ်ကွက်အားလုံးကတစ်ဆင့် အီရတ်အခြေအနေကို ကြည့်နေကြောင်း၊ ယူကရိန်းနိုင်ငံသားများရွှေ့ပြောင်းရေးကို အကူအညီပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

တိုက်တွန်း

ရုရှား စွမ်းအင်ကုမ္ပဏီမှ ရုရှားသုံးဦးနှင့် ယူကရိန်းငါးဦးသည် ပြန်ပေးဆွဲခံခဲ့ရပြီးနောက် ပြန်လွတ်လာခဲ့ကြသည်။ မည်သည့်အဖွဲ့အစည်းကမျှ ပြန်ပေးဆွဲမှုအတွက် မိမိတို့၌တာဝန်ရှိကြောင်း ပြောဆိုခြင်း မရှိခဲ့ကြပေ။

ယူကရိန်းနိုင်ငံသားများ ပြန်လွတ်လာပြီး မကြာမီ၌ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက အီရတ်မှနေ၍ ယူကရိန်းနိုင်ငံသားများကို ရွှေ့ပြောင်းပေးရန်တိုက်တွန်းခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

သက်ဆိုင်ရာနိုင်ငံများမှ တပ်ဖွဲ့ဝင်များရုပ်သိမ်းရန် ဖိအားပေးမှုအဖြစ် အီရတ်၌ နိုင်ငံခြားသားများကို ဆက်လက်ပြန်ပေးဆွဲနေ

ဖော်လူဂျာ ဧပြီ ၁၇

ဖော်လူဂျာမြို့၌ အပစ်အခတ်ရပ်စဲမှု အချိန်ကြာကြာရရှိနိုင်ရန်အတွက် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များ ယနေ့ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ဆွေးနွေးလျက်ရှိသည် အပစ်အခတ်ရပ်စဲမှုများသည် တခဏသာဖြစ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုများ ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။

နာဂျက်ဖ်မြို့ပတ်ဝန်းကျင်၌လည်း အမေရိကန်တပ်ဖွဲ့ဝင်များက နေရာယူထားလျက်ရှိကာ မြို့တွင်းလမ်းမများပေါ်၌ အီရတ်ခေါင်းဆောင် အယ်ဆာဒါကို ထောက်ခံသူပြည်သူများက ဦးဆောင်ကြွေးကြော်ကာ အယ်ဆာဒါအားထောက်ခံကြောင်း ပြသလျက်ရှိကြသည်။

နာဂျက်ဖ်မြို့အနီးရှိ ကူဖာမြို့အနီးတစ်ဝိုက်၌လည်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အီရတ်နိုင်ငံတွင် ရောက်ရှိနေသော စီးပွားရေးလုံခြုံရေးဆိုင်ရာ နိုင်ငံခြားသားများ အပါအဝင် နိုင်ငံခြားသား ပြန်ပေးဆွဲမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများမှ တပ်ဖွဲ့ဝင်များရုပ်သိမ်းရန် ဖိအားပေး ခြိမ်းခြောက်လျက်ရှိသည်။

ထပ်မံပြန်ပေးဆွဲ

ဒိန်းမတ်လူမျိုး စီးပွားရေးသမားတစ်ဦးနှင့် ဂျော်ဒန်နိုင်ငံ၌မွေးဖွားသူ အာရပ်ဆော်ဘွားများ နိုင်ငံသားတစ်ဦးကို ဓားစာခံအဖြစ် ထပ်မံပြန်ပေးဆွဲခံရကြောင်း သိရသည်။

လွတ်မြောက်ခဲ့

ဤအတောအတွင်း ပြီးခဲ့သော သီတင်းပတ်က ဖော်လူဂျာမြို့အနီး ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် ချက်သတင်းစာဆရာသုံးဦးနှင့် ကနေဒါ ထောက်ပံ့ရေးအလုပ်သမားတစ်ဦးတို့လည်း ပြန်လည်လွတ်မြောက်လာခဲ့ပြီ ဖြစ်ကြောင်းသိရသည်။ **(စီအင်န်အင်န်)**

အီတလီဓားစာခံများ လွတ်မြောက်ရေး အီတလီက အီရန်အပါအဝင် အခြားနိုင်ငံများနှင့်ဆွေးနွေးမည်

ရောမ ဧပြီ ၁၆

အီရတ်နိုင်ငံတွင်ဖမ်းဆီးခံထားရသော အီတလီလူမျိုးဓားစာခံလေးဦးလွတ်မြောက်ရေးအတွက် အီရန်နှင့် အခြားအစ္စလာမ်နိုင်ငံများနှင့်အတူ ဆွေးနွေးမှုပြုလုပ်ရေးကို အီတလီနိုင်ငံက ဆုံးဖြတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရာတီနီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ အီတလီဓားစာခံများ အီရတ်တွင် ဖမ်းဆီးခံထားရမှုအတွက် လွတ်မြောက်ရေးဆောင်ရွက်ရာတွင် အီတလီက အထက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းကို အီတလီနိုင်ငံခြားရေးဝန်ကြီးက အီတလီနိုင်ငံပိုင် အသံလွှင့်ဌာနနှင့်မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အီတလီဓားစာခံလေးဦးကို အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် တနင်္လာနေ့က ဓားစာခံအဖြစ် ပြန်ပေးဆွဲခံခဲ့ကြရသည်။

အီရတ်နိုင်ငံတွင် အီတလီတပ်ဖွဲ့ဝင်နှင့် စစ်ရဲ ၃၀၀၀ ခန့် ဖြန့်ချထားလျက်ရှိရာ အမေရိကန်နှင့်အပေါင်းပါနိုင်ငံများက အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ချထားမှုတွင် တတိယအများဆုံးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားအပြီး လပိုင်းအတွင်း အီရတ်ကိုစစ်ပွဲဆင်နွှဲရန် အကြံပေးများနှင့် ဘုရှ်ခေါင်းချင်းဆိုင်ခဲ့

ဝါရှင်တန် ဧပြီ ၁၈

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားပြီး လပိုင်းအတွင်း သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်စစ်ပွဲအစီအစဉ်နှင့် စပ်လျဉ်း၍ အကြံပေးများနှင့် ခေါင်းချင်းဆိုင်ဆွေးနွေးခဲ့ကြောင်း ဝါရှင်တန်ပို့စ် လက်ထောက် မန်နေဂျာ ဘောပ်ဝုဒ်ဝါ့ဒ် စီစဉ်ရေးသားထုတ်ဝေသည့် တိုက်ခိုက်မှုအစီအစဉ် အမည်ရှိ စာအုပ်သစ်၌ဖော်ပြထားရာ ဘုရှ်သည် စစ်နှင့်ပတ်သက်၍ အလိုရမ္မက်ကြီးသူဟု ပြစ်တင်ပြောဆိုထားသည်များကို ပိုမိုကြီးထွားအောင် ဖြစ်စေခဲ့သည်။

ထို့အပြင် စာအုပ်သစ်၌ အီရတ်ရှိ ကုလသမဂ္ဂလက်နက်စစ်ဆေးမှုများသည် အကျိုးမထိရောက်ဘဲ ကျူးကျော်မှုသည် ရှောင်လွှဲမရသည့်အကြောင်း ဖြစ်ဖွယ်ရှိကြောင်း ၂၀၀၃ခုနှစ်အစောပိုင်း၌ ဘုရှ်က ဆုံးဖြတ်ခဲ့သည်ဟု သတင်းစာ၌ ရေးသားထားသည်။

မိမိတို့သည် စစ်ပွဲကို ဆင်နွှဲကောင်းဆင်နွှဲရဖို့ ရှိကြောင်း၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ အစောပိုင်း၌ အမျိုးသားလုံခြုံရေးအကြံပေး ကွန်ဒိုလီဇာရိုက်စ်က ဘုရှ်ကို ပြောကြားခဲ့သည်ဟု ယင်းစာအုပ်၌ ကိုးကားဖော်ပြထားသည်။

ထို့အပြင် ယင်းစာအုပ်၌ အဖျက်စွမ်းအားကြီး လက်နက်များကြောင့် အီရတ်၏ အန္တရာယ်အနေထားအား အငြင်းပွားမှုဖြစ်အောင် ဖန်တီးပုံဖော်ရန် စီအိုင်အေမှ ဂျော့ဒီနက်က ဘုရှ်အား ၂၀၀၂ခုနှစ် ဒီဇင်ဘာလထဲ၌ အကြံပေးခဲ့ကြောင်းလည်း ရေးသားထားသည်။

၂၀၀၃ ခုနှစ် မတ်လ၌ ဘဂ္ဂဒက်ကို ပထမဆုံး ဗုံးများကြဲချပြီးနောက် တစ်နှစ်ကျော် ရှိလာချိန်တွင် အီရတ်၌ အဖျက်စွမ်းအားကြီး လက်နက်များကို ရှာမတွေ့ခဲ့ပေ။ အီရတ်နိုင်ငံကို ကျူးကျော် တိုက်ခိုက်ခဲ့ချိန်မှစပြီး ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲ ဟန်းစ်ဘလက်စ်ဇ်သည် ဘုရှ်အား ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး စစ်ပွဲဆင်နွှဲဖို့အတွက် ထောက်လှမ်းရေးသတင်းကို လိမ်ညာလုည့်စား ပုံကြီးချဲ့ခဲ့ကြောင်း အီရတ်ရှိ ပိတ်ပင်ထားသော မသင်္ကာဖွယ်လက်နက်များနှင့် ပတ်သက်သော သတင်းများကို မဆုံးဖြတ်မီ သတိပေးချက်များကို လျစ်လျူရှုခဲ့ကြောင်း ဘလစ်ဇ်က စွပ်စွဲထားသည်။

ဝုဒ်ဝါ့ဒ်သည် တိုက်ခိုက်မှုအစီအစဉ်ဆိုသော စာအုပ်အတွက် ဘုရှ်အပါအဝင် လူ၇၅ဦးကို တွေ့ဆုံမေးမြန်းခဲ့ကြောင်း ဝါရှင်တန်ပို့စ်က ရေးသားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်နှင့်ကာဘာလာ အယ်လ်ဆာဒါထိန်းချုပ်ထား ကန်တို့အင်အားသုံးမှုကြောင့် တင်းမာမှုများပိုလာ

ဘဂ္ဂဒက် ဧပြီ ၁၇

တိုက်ခိုက်မှုများပျံ့နှံ့ဖြစ်ပွားနေသော ဘဂ္ဂဒက်မြို့အနောက်ပိုင်း ဖော်လူဂျာမြို့၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အစစ်အမှန်ရရှိနိုင်ရန်အတွက် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့မှ တာဝန်ရှိသူများသည် ဒေသခံတာဝန်ရှိသူများနှင့် အပြင်းအထန် ဆွေးနွေးနေသကဲ့သို့ နာဂျက်ဖ်မြို့အရေးကိစ္စကိုလည်း အလားတူစေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။ အီရတ်ခေါင်းဆောင် မွတ်တာဒါအယ်လ်ဆာဒါက နာဂျက်ဖ်မြို့ကိုသာမက ကာဘာလာမြို့ကိုပါ ထိန်းချုပ်ထားလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းဒေသကို ဝန်းရံထားသည်။

ရှုတ်ချ

အီရတ်ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီအယ်စစ္စတာနီက နိုင်ငံတစ်ဝန်း၌ အမေရိကန်တို့၏ စစ်အင်အားသုံး ဖြေရှင်းမှုကြောင့် တင်းမာမှုများ ပိုမိုဖြစ်ပွားလာခြင်းကို ရှုတ်ချပြောကြားလျက်ရှိကြောင်း သိရသည်။ နာဂျက်ဖ်မြို့တွင် ၎င်းတို့၏ ခေါင်းဆောင်များနှင့် စေ့စပ်ညှိနှိုင်းသွားရန် ဒေသခံများက မျှော်လင့်လျက်ရှိသည်။

(စီအင်န်အင်န်)

ကင်းလှည့်

ဧပြီ ၁၇ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်များ၏ အဓိကပို့ဆောင်ရေးလမ်းကြောင်းများကို အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ ဖျက်ဆီးဖြတ်တောက်

ဘဂ္ဂဒက် ဧပြီ ၁၈

အီရတ်နိုင်ငံ ပို့ဆောင်ရေးစနစ်ပျက်စီးစေရန်အတွက် ဘဂ္ဂဒက်မှ အီရတ်တောင်ပိုင်းသို့ ဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ်ရှိ တံတားတစ်စင်းကို အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဖျက်ဆီးလိုက်ကြောင်း မျက်မြင်သက်သေများက စနေနေ့၌ ပြောကြားသည်။

ဘာဆရာ ဆိပ်ကမ်းမြို့သို့ သွားရောက်သည့် လမ်းမကြီးနှစ်လမ်းအနက် တစ်လမ်းဖြစ်သော ဘဂ္ဂဒက်– ဟီလာအဝေးပြေးလမ်းမကြီးရှိ တံတားနှစ်စင်းထက်မနည်းကို ပြောက်ကျားများ ဖျက်ဆီးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ပိတ်ခဲ့

အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ဘဂ္ဂဒက်–ဟီလာလမ်းကြောင်း အပါအဝင် အဝေးပြေးလမ်းမကြီးနှစ်လမ်းကို ပြုပြင်ရန်ပိတ်ခဲ့ကြောင်းနှင့် ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ ထောက်ပံ့ ရေးယာဉ်တန်းများကို တိုက်ခိုက်မှု ရပ်တန့်ရေးအထောက်အကူဖြစ်ရန် ပိတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုသည်။

တံတားများကို ပြောက်ကျားတို့က တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုသတင်းကိုမရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အန္တရာယ်ရှိ

ဖော်လူဂျာမြို့တွင်းနှင့် ဝန်းကျင်တွင် အမေရိကန်တပ်များကို ပြောက်ကျားတို့က တိုက်ခိုက်လျက်ရှိရာ ဆီးရီးယားနှင့်ဂျော်ဒန်သို့သွားသော အနောက်အဝေးပြေးလမ်းမကြီးသည် ခရီးသွားရန် အလွန်အန္တရာယ်ရှိသည်။

အီရတ်ပြောက်ကျားများသည် အီရတ်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ပို့ဆောင်ရေးလမ်းကြောင်းများကို အကြီးအကျယ် ဖြတ်တောက် ဖျက်ဆီးထားသည်။

အမ်အင်အေ၊ရိုက်တာ

ဟားမတ်စ် အဖွဲ့ခေါင်းဆောင် ရန်တီဆီသေဆုံးကြောင်း အစ္စရေး တရားဝင်အတည်ပြု

ဂျေရုဆလင် ဧပြီ ၁၈

မြောက်ပိုင်း လာဇာ ကမ်းမြောင်ဒေသတွင် အစ္စရေးလုံခြုံရေးတပ်များ၏ထိုးစစ်ဆင်မှုတွင် ဟားမတ်စ် အဖွဲ့ခေါင်းဆောင် အဗ္ဗဒယ်အဇစ်ရန်တီဆီ သေဆုံးကြောင်း အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့များက စနေနေ့၌ တရားဝင် အတည်ပြု ပြောကြားသည်။

ယနေ့ ညနေပိုင်း၌ မြောက်ပိုင်းလာဇာကမ်းမြောင်တွင် လုံခြုံရေးတပ်များ ထိုးစစ်ဆင်ရာတွင် ဟားမတ်စ် ခေါင်းဆောင် အဗ္ဗဒယ်အဇစ်ရန်တီဆီ စီးလာသောယာဉ်ကို အစ္စရေးကာကွယ်ရေးတပ်များက ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အိုင်ဒီအယ်ဖ်က ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ

ကုလအမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်မှု အဖွဲ့သစ်ဖွဲ့ရန် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီတိုက်တွန်း

မီလာမီ ဧပြီ ၁၈

အီရတ်ပြန်လည်တည်ဆောက်ရေးကို အကူအညီပေးရန် ကုလသမဂ္ဂ အမိန့်အာဏာဖြင့် လုပ်ငန်းဆောင်ရွက်မှု အဖွဲ့သစ်ကို ဖွဲ့စည်းရန် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက စနေနေ့၌ တိုက်တွန်းလိုက်သည်။

သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်တွင် ငြိမ်းချမ်းရေးရဖို့အတွက် မဟာဗျူဟာတစ်ရပ်ကို မချမှတ်နိုင်ခဲ့ကြောင်း၊ အီရတ်ရှိ အမေရိကန်တပ်များသည် အပြစ်အနာအဆာ ချွတ်ယွင်းချက်ရှိသော မူဝါဒကြောင့် မတန်တဆ ဆုံးရှုံးနစ်နာခံရလျက်ရှိကြောင်း ကယ်ရီက ပြောဆိုသည်။

အမှားဖြစ်

ဘုရှ်သည် အမှားကိုဝန်ခံလိုသော်လည်း အီရတ် နှင့်ပတ်သက်၍ သူ၏ရွေးချယ်မှုများသည် ယခုထိအမှား များကိုသာ ဖြစ်ပေါ်စေခဲ့သည်ဟု အပတ်စဉ် ဒီမိုကရက် တစ် ရေဒီယိုထုတ်လွှင့်ချက်၌ ကယ်ရီက ပြောကြား သည်။ ဘုရှ်အနေဖြင့် အီရတ်၌ ငြိမ်းချမ်းရေးရရှိမည့် အလားအလာများနှင့် ပတ်သက်၍ အမေရိကန်ပြည်သူများ နှင့် ပွင့်ပွင့်လင်းလင်းရှိဖို့လိုကြောင်း ကယ်ရီက ပြောကြား သည်။

မလုပ်နိုင်

အီရတ်စစ်ပွဲကို နိုင်ငံတကာက ပူးတွဲထိန်းသိမ်းစေ ရန် ဘုရှ်အစိုးရကမလုပ်နိုင်ခဲ့ခြင်းသည် မိမိတို့အဖို့ အချိန်၊ အရှိန်အဟုန်နှင့် ယုံကြည်မှုကို မလုံခြုံစေခဲ့ကြောင်း ကယ်ရီက

ရှာဖွေစစ်ဆေး

ဧပြီ ၁၇ ရက်က ဖော်လူဂျာ မြို့ တွင် အီရတ်တစ်ဦးကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက ရှာဖွေစစ်ဆေးနေသည် ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖော်လူဂျာ၌ အမေရိကန်တို့ပစ်ခတ်သော ဒုံးကျည် အရပ်သားများထိမှန်၍ အဘိုးသေဆုံး၊ မြေးဖြစ်သူ ဒဏ်ရာရ

ဖော်လူဂျာ ဧပြီ ၁၇

တိုက်ခိုက်မှုများဖြစ်ပွားနေသော ဖော်လူဂျာမြို့၌ သေဆုံးဒဏ်ရာရသည့် အရပ်သားများစွာရှိနေသည်။ ပြီးခဲ့သော အင်္ဂါနေ့က အမေရိကန်တို့ပစ်ခတ်လိုက်သည့် ဒုံးကျည်သည် ဖော်လူဂျာမြို့ လမ်းမပေါ်ကျရောက်ပြီး အရပ်သားများအား ထိမှန်ခဲ့သည်။

ဒုံးကျည်ထိမှန်ခဲ့သူများတွင် အဘိုးနှင့်အတူ လမ်းလျှောက်လာသော ကလေးငယ် အလီလည်း ပါဝင်ခဲ့သည်။ အလီ၏အဘိုးဖြစ်သူသည် ဒုံးကျည်ပေါက်ကွဲမှုကြောင့် ပြိုကျလာသည့် နံရံထိခိုက်မိပြီး နေရာတွင်ပင် သေဆုံးသွားသည်။

ပေါက်ကွဲမှုကြောင့် အလီ၏ လက်တစ်ဖက်နှင့်ခြေတစ်ဖက် ပြတ်သွားခဲ့ရသည်။ ဖော်လူဂျာမြို့ကို အမေရိကန်တို့ ဝိုင်းရံတိုက်ခိုက်လျက်ရှိရာ ၁၀ ရက်ခန့်ရှိသွားပြီဖြစ်ပြီး တိုက်ပွဲနှင့် မည်သို့မျှ မပတ်သက်သော အရပ်သားဦးရေ ရာနှင့်ချီပြီး သေဆုံးခဲ့ရသည်။

အပစ်အခတ် ရပ်စဲထားသည်ဆိုသော်လည်း ဒုံးကျည်ပစ်ခတ်သံများ ကြားနေရဆဲဖြစ်သည်။ အလီကဲ့သို့ ဘဝရှုံးပြီး အသက်ရှင်ရမည့်အစား အီရတ်၏ အာဇာနည်အဖြစ် သေဆုံးသည်က ကောင်းဦးမည်ဟု အလီ၏ဖခင်က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဧပြီ ၁၇ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးက အီရတ်တစ်ဦးအား ရှာဖွေစစ်ဆေးနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကနေဒါ ထားစာခံတစ်ဦး ပြန်လွတ်မြောက်လာ

နာဂျက်ဖ်(အီရတ်) ဧပြီ ၁၇

အီရတ်၌ ဖမ်းဆီးခံခဲ့ရသော ကနေဒါနိုင်ငံသား ဓားစာခံတစ်ဦးသည် သောကြာနေ့က လွတ်မြောက်သွားပြီဖြစ်ကြောင်း မျက်မြင်များက ပြောဆိုသည်။

ဆီးရီးယားနိုင်ငံဖွား ကနေဒါ လူသားချင်းစာနာထောက်ထားရေးအလုပ်သမားအဖြစ်လုပ်ကိုင်နေသူ ဖာဒီဟာရှင်ဖီဒယ်သည် ဧပြီ ၈ရက်က ဓားစာခံအဖြစ် အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း ရိုက်တာသတင်းထောက်က ရုံး၌ ပြောကြားလိုက်သည်။

ဖီဒယ် ၃၃ နှစ်သည် ပါလက်စတိုင်းလူမျိုး နာဘီလ်ဂျော့ချ်ရာဇွတ်နှင့်အတူ ဖမ်းဆီးခဲ့ရခြင်းဖြစ်ပြီး ဖမ်းဆီးသူများက ၎င်းတို့အား အစ္စရေးသူလျှိုများဟု စွပ်စွဲခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ပြဿနာဖြေရှင်းရန် ကုလ အဓိကကဏ္ဍမှပါဝင်သင့် စစ်ပွဲဆင်နွှဲမှု တစ်ဖက်သတ်အမှားဟု ရုရှားထင်မြင်

ကုလသမဂ္ဂ ဧပြီ ၁၇

အီရတ်ပြဿနာ ဖြေရှင်းရာတွင် ကုလသမဂ္ဂသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ကြာသပတေးနေ့၌ ပြောကြားခဲ့သည်။ ရုရှားနိုင်ငံမှ ကျွမ်းကျင်သူများကိုလည်း အီရတ်သို့ ထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်းနှင့် အီရတ်နိုင်ငံ၌ အန္တရာယ်များ ပိုမိုတိုးပွားလာမည်ဖြစ်ကြောင်း သတိပေးပြောကြားထားသည်။

အီရတ်နိုင်ငံအပေါ် စစ်ရေးအရ အရေးယူခြင်းသည် တစ်ဖက်သတ်ကျသော မှားယွင်းသည့်လုပ်ရပ်ဖြစ်ပြီး၊ ယင်းလုပ်ရပ်ကြောင့် ကံဆိုး မိုးမှောင်ကျမှုမှာ အသက်ပေါင်းများစွာ ဆုံးရှုံးရခြင်းဖြစ်သည်။

အီရတ်နိုင်ငံ ပြဿနာများကိုဖြေရှင်းရန် ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်သည် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်ဟု ရုရှားနိုင်ငံက ထင်မြင်နေကြောင်းနှင့် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးတွင်လည်း ကုလသမဂ္ဂက အဓိကနေရာမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်ဟု ဆိုသည်။ **(စီစီတီဗွီ)**

အီရတ်အကျဉ်းသားများကို ပြန်လွှတ်ပေးသည်အထိ ဖမ်းဆီးထားသော ကန်တပ်ဖွဲ့ဝင်အား ဖမ်းဆီးထားမည်ဟုဆို

ဘဂ္ဂဒက် ဧပြီ ၁၇

မိမိကိုယ်ကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည့် ဓားစာခံတစ်ဦး၏ရုပ်ပုံကို အာရပ်ဘာသာနှင့် ထုတ်လွှင့်သော အယ်လ်ဂျာဇီးယားရုပ်မြင်သံကြားက ထုတ်လွှင့်ပြသလိုက်သည်။

၎င်းတိပ်ခွေအတွင်း ဖော်ပြထားရာမှ အမေရိကန်စစ်ဘက်ယူနီဖောင်း ဝတ်ဆင်ထားသူတစ်ဦးဖြစ်ပြီး ၎င်းမှာ ယခုလ ၉ ရက်နေ့က ဘဂ္ဂဒက်မြို့ပြင်၌ လောင်စာဆီတင်ယာဉ်တန်း တိုက်ခိုက်ခံခဲ့ရစဉ် ပျောက်ဆုံးသွားခဲ့သော တပ်ဖွဲ့ဝင်နှစ်ဦးအနက် တစ်ဦးဖြစ်ပြီး အမေရိကန်စစ်ဘက်ကလည်း ၎င်းသည် အသက် ၂၀ အရွယ်ရှိ ကိမ်မော်ဖင်နဲ့ဆိုသူဖြစ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။

ပျောက်ဆုံးနေ

တိုက်ခိုက်မှုဖြစ်ပွားစဉ် ၎င်းနှင့်အတူပျောက်ဆုံးခဲ့သူမှာ အသက် ၄၀ အရွယ် အယ်မေးစရော့စ်ဆိုသူဖြစ်ပြီး ဟာလီဘာတန်ကဲ့သို့ ကုမ္ပဏီများမှ အမေရိကန် ကန်ထရိုက်လုပ်သား အများအပြားမှာလည်း ပျောက်ဆုံးလျက်ရှိနေကြောင်း သိရသည်။

တောင်းဆို

၎င်းတိပ်ခွေ၌ ဖော်ပြထားရာတွင် ဖမ်းဆီးခံထားရသူမှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း၊ မိမိတို့ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ပြောကြားထားပြီး အပြန်အလှန်အားဖြင့် အမေရိကန်တို့ဖမ်းဆီးထားသော အကျဉ်းသားများကို ပြန်လွှတ်ပေးသည်အထိ ထိန်းသိမ်းထားမည်ဖြစ်ကြောင်း တောင်းဆို ပြောကြားထားသည်။ **(စီအင်န်အင်န်)**

ဧပြီ ၁၇ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အိမ်တစ်အိမ်အတွင်း အဓမ္မဝင်ရောက်စီးနင်းရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကန်တို့ဖွဲ့စည်းထားသော အီရတ်လက်နက်ကိုင် ၂၀၀ ခန့် အမေရိကန်တပ်များ၏ ဖမ်းဆီးထားခြင်းခံနေရ

ဘဂ္ဂဒက် ဧပြီ ၁၇

ဖော်လူဂျာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်မှု၌ပါဝင်ရန် ငြင်းဆန်ခဲ့ကြသည့် အမေရိကန်တို့ဖွဲ့စည်းလေ့ကျင့်ပေးထားသော အီရတ်တပ်ဖွဲ့ဝင် ၂၀၀ ခန့်ကို အမေရိကန်တပ်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက ထိုလူများကို ဖမ်းဆီးထားခြင်းရှိ၊ မရှိ အတည်ပြုရန် ငြင်းဆိုခဲ့သည်။

ခေါ်ဆောင်

ဘဂ္ဂဒက်အခြေစိုက် အမှတ်(၃၆) လုံခြုံရေးတပ်ရင်းမှ တပ်ဖွဲ့ဝင်များက လွှန်ခဲ့သည့်အပတ်၌ အမေရိကန်တပ်မှူးများသည် အီရတ်တပ်ဖွဲ့ဝင်များကို ဖော်လူဂျာသို့ ညဘက်၌ ခေါ်ဆောင်သွားကြောင်း ပြောဆိုကြသည်။

၎င်းတို့က ဖော်လူဂျာကိုတိုက်ရန် မိမိတို့အား ပြောရာ မိမိတို့ အလွန်အံ့အားသင့်ရကြောင်း၊ အီရတ်တစ်ဦးအဖို့ အီရတ်တစ်ဦးကို မည်သို့တိုက်နိုင်မည်နည်း၊ ဤသည်မှာ ယခင် ဆက်ဒမ်ဟူစိန်ကာလနှင့် ဘာမျှမပြောင်းလဲသည့် အဓိပ္ပာယ်ပင်ဖြစ်ကြောင်း၊ မိမိတို့အားလုံး ငြင်းဆန်ခဲ့ကြောင်း အလီအယ်ရှာမာရီက ပြောကြားသည်။

သီးသန့်ထား

ဖော်လူဂျာသို့ ရောက်သည်အထိ အီရတ်တပ်ဖွဲ့ဝင်များ ဖော်လူဂျာသို့ ဦးတည်သွားနေသည်ကို မသိခဲ့ကြောင်း ရှာမာရီက ပြောကြားသည်။

ထိုသို့ အီရတ်တပ်ဖွဲ့ဝင်များက ငြင်းဆန်ကြသည့်အခါ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏တံဆိပ်များကိုဆွဲခွာခြင်းခံကြရပြီး ဖော်လူဂျာမြို့စွန်၌ အမေရိကန်အခြေစိုက်စခန်းတစ်ခုရှိတဲများ၌ သီးသန့်ထားရှိခဲ့ကြောင်း၊ ၎င်းတို့ကို တစ်နေ့လျှင် တစ်နပ်သာကျွေးကြောင်း ၎င်းက ပြောကြားသည်။

တောင်းဆို

မိမိမှာ လွတ်လာခဲ့သော်လည်း မိမိတို့၏ ရဲဘော်ရဲဘက် ၂၀၀ ခန့် ကျန်နေခဲ့ကြောင်း၊ ၎င်းတို့လွတ်မြောက်ရေးအတွက် တောင်းဆိုကြောင်း ရှာမာရီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နှင့်အမေရိကန်ကြား အီရန် ကြားဝင်စေ့စပ်မည်ဆိုမှု မဟုတ်မမှန်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ငြင်းပယ်

တီဟီရန် ဧပြီ ၁၇

အီရတ်နိုင်ငံအကျပ်အတည်းကို ဖြေရှင်းရန်အတွက် အမေရိကန်နှင့် အီရတ်တို့ကြားတွင် အီရန်နိုင်ငံက ကြားဝင်စေ့စပ်ပေးမည်ဆိုသော ထင်မြင်ချက်ကို အချေအမြစ်မရှိသော ထင်မြင်ချက်အဖြစ် အီရန်နိုင်ငံခြားရေးဝန်ကြီး ကမားလ်ခါရာဇီက သောကြာနေ့၌ ငြင်းပယ်လိုက်သည်။

အီရတ်ပြည်သူများနှင့် သိမ်းပိုက်သူတို့ကြား တစ်ဦးတစ်ယောက်က မည်သို့ ကြားဝင်စေ့စပ်ပေးနိုင်မည်နည်းဟု ကြေညာချက်တွင် ခါရာဇီက မေးခွန်းထုတ်ထားကြောင်း အိုင်အာအင်အေသတင်းဌာနက မေးခွန်းထုတ်ထားသည်။

ထိုကြေညာချက်၌ အီရတ်ပြည်သူတို့၏ တရားဝင်တောင်းဆိုချက်မှာ အီရတ်မှသိမ်းပိုက်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရေးဖြစ်ကြောင်း၊ သိမ်းပိုက်တပ်များလုပ်နိုင်သော အကောင်းဆုံးအရာမှာ အီရတ်ပြည်သူများကို အမြန်ဆုံး အုပ်ချုပ်ရေးလွှဲပေးခြင်းပင်ဖြစ်ကြောင်း ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၁၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား (Myanmar Yachting Federation, 2004 National Open Sailing Championship Prize Awards Ceremony) သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဆုချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရန်ကုန်ရွက်လှေအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ရွက်လှေအားကစားမောင်မယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ ဆက်လက်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့်ပတ်သက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ရှင်းလင်းတင်ပြသည်။

အောင်နိုင်ဆု

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က [Optimist" Open" (Class),(Optimist "Intermediate" Class)နှင့်(Optimist "Basic" Class) တို့တွင် ဆုရရှိကြသူများအား အောင်နိုင်ဆုများ ချီးမြှင့်သည်။

ထို့နောက် International 470/420 Classတွင် ဆုရရှိကြသူများအား စစ်ဦးစီးအရာရှိချုပ် (ရေ)ဗိုလ်မှူးကြီး ဉာဏ်ထွန်းကလည်းကောင်း၊ Rater Class တွင် ဆုရရှိကြသူများအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း၊ Sharpie "A" Class တွင် ဆုရရှိကြသူများအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းထွန်းကလည်းကောင်း၊ Sharpie"B"Class တွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်ကလည်းကောင်း၊ ၂၀၀၄ ခုနှစ် နွေရာသီ ရွက်လှေသင်တန်းအပြီးတွင် ပြုလုပ်ခဲ့သော(လူသစ်တန်း)ပြိုင်ပွဲတွင် ဆုရရှိကြသူများအား အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဟံစိန်ကလည်းကောင်း၊ အောင်နိုင်ဆုများ အသီးသီးချီးမြှင့်ကြပြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကလေးများက လသာ ရတနာ တေးဂီတအစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

လှေကျင့်

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အနေဖြင့် ရွက်လှေ အမျိုးအစား (Class) ခုနစ်မျိုးကို ပြိုင်ပွဲကျင်းပခဲ့ရာ ခြောက်မျိုးကို ရန်ကုန်ရွက်လှေအသင်း၌ မတ် ၁၈ ရက်မှ ၂၃ ရက် အတွင်း ကျင်းပခဲ့ပြီး ကျန် International 470/420 Class အတွက် ပြိုင်ပွဲကို ချောင်းသာ ပင်လယ်ပြင် လေ့ကျင့်ရေး အစီအစဉ်ပြုလုပ်သည့် ချောင်းသာ ကမ်းခြေ၌ သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းတွင် သြစတြေးလျနိုင်ငံမှ နည်းပြများနှင့် လေ့ကျင့်ပြီးပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုဇုန်အား ခေတ်ကျော်လွှား

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာနှင့် တိပိဋကဓရစာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပူဇာမင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဆက်ကပ်အပ်သော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရဆရာတော်၏ ဆရာသမားဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုး ရတနာခုဝံနှင့် သဇ္ဇနောဒယချောင် ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တသဇ္ဇနာဘိဝံသ "အဘိဓဇမဟာ ရဋ္ဌဂုရု"ဂုဏ်ဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ၁၃၆၅ ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်ပန်းဆင်ခဲ့ကြသော အရှင်ဝေပုလ္လာလင်္ကာရ၊ အရှင်ဝိသိဋ္ဌာလင်္ကာရ၊ အရှင်သြဘာသာလင်္ကာရနှင့် အရှင်သုဇာတာလင်္ကာရ စာချဘုန်းကြီးများအား ဂုဏ်ပူဇာ မင်္ဂလာများကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၆ ရက်(ဧပြီ ၂၄ ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရေကူး၊ ကမ္ဘာအေးအရှေ့ ဝါယာလက် ၂ လမ်း၊ တိပိဋကမဟာ ဂန္ဓာရုံကျောင်းတိုက် သိရီမင်္ဂလာ အနန္တဂုဏ်ရည်ငါးထပ်ကျောင်းတော်ကြီး ဖုန်း–၆၆၁၄၆၇၊ ၆၅၀၃၁၃ ၌ ပူးတွဲကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော်အားပေးချီးမြှောက်နိုင်ကြောင်း အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ဂုဏ်ပူဇာသဘင်နှင့် စာအောင်ဆုနှင်းမည်

ရန်ကုန် ဧပြီ ၁၈

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာ အဖွဲ့ချုပ်၏ (၂၉)ကြိမ်မြောက် သြဝါဒါစရိယ ဆရာတော်ကြီးများ ပူဇော်ပွဲ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော အဖွဲ့ချုပ် သြဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌအောင်မြေဘုံစံ ဆရာတော်ကြီး ဘဒ္ဒန္တပညိန္ဒာဘိဝံသ၏ ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာ၊ (၂၁)ကြိမ်မြောက် သင်္ဂြိုဟ်၊ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ စာအောင်ဆုနှင်းသဘင်၊ အသက် (၇၅)နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးများကို ဧပြီ ၂၅ ရက်တွင် ရန်ကင်းမြို့နယ် (၁၅) ရပ်ကွက် ဘောက်ထော် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က–ပ)**

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် (၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်း တစ်ရက်နေ့က တြိရတနရက္ခိတ ဓမ္မာရုံတွင် ကျင်းပပြုလုပ်ရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်မြိုင်နှင့် ဦးမျိုးချစ်၊ ဦးစွန်းလွင်၊ လူမှုရေးအဖွဲ့အစည်းများက အသက်(၈၀) အထက် သက်ကြီး ၁၃၅ ဦးတို့အား ကန်တော့ကြစဉ်။ (၁၉၂)

ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အာရှလူထုဆက်သွယ်ရေးညီလာခံတက်မည့် ကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဧပြီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် အာရှလူထုဆက်သွယ်ရေး ထိပ်သီးညီလာခံ(၂၀၀၄) (The Asia Media Summit 2004)သို့ တက်ရောက်မည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ (အပေါ်ပုံ)

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မိသားစုများကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး (သံစုံတီးဝိုင်း) ဦးဝင်းအောင်နှင့် ဦးစီးအရာရှိ (ထုတ်လွှင့်)ဒေါ်ဆန်းဆန်းဦးတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

နှစ်ဆန်းတစ်ရက်နေ့က သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ တိုးချဲ့ကွက်သစ်(၃)မိသားစု၏ (၈)ကြိမ်မြောက် ဇာမဏီဆည်အတွင်းသို့ ငါးကောင်ရေ ၅၀၀ ကျော် ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား သမီးပျိုလေးများက ခြေသည်းလက်သည်းညှပ်ပေး၍ ကုသိုလ်ပြုကြစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၉–၄–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၁၇း၁၅ ၆။ အကပဒေသာ
- ၁၇း၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇း၄၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၈း၀၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈း၀၀ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၈း၂၀ ၁၁။ Discovery
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၈း၄၅ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈း၅၀ ၁၄။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၁၉း၀၀ ၁၅။ မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၂၃)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နယ်မြေဒေသဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံတော်ကစနစ်တကျအားပေးစီမံဆောင်ရွက်ပေးလျက်ရှိ မြို့နယ်များ ဖွံ့ဖြိုးရေးကျေးလက်အထိကွင်းဆင်းပြီးလိုအပ်ချက်များသုံးသပ်ဖြည့်ဆည်းဆောင်ရွက်

■ ရှေ့ဖုံးမှ

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆောင်သစ် အလှူရှင်မိသားစုနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကရင်ဒုံးယိမ်းအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီ ၄၅ မိနစ်တွင် အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျောင်းဆောင်သစ်အလှူရှင်ဂါဒီယန် ဦးစိန်ဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ကျောင်းဆောင်သစ်အတွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်အလှူရှင် ဂါဒီယန်ဦးစိန်ဝင်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင် ဂါဒီယန် ဦးစိန်ဝင်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဧရာဝတီတိုင်း တိုင်းပညာရေးမှူး ဦးမောင်မောင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ညောင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်း၊ ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၁၅၀ နှင့် ခဲတံဒါဇင် ၅၀ တို့ကို မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်အားပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ကျောင်းသုံး ဗလာစာအုပ်များနှင့် သင်ထောက်ကူတိပ်ခွေများကို လည်းကောင်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဧရာဝတီတိုင်း တိုင်းပညာရေးမှူး ဦးမောင်မောင်က ကက်ဆက်နှင့် အားကစားပစ္စည်းများကိုလည်းကောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အလှူရှင်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကျောင်းဆောင်သစ်လှူ

အလှူရှင် ဂါဒီယန်ဦးစိန်ဝင်းက အဆိုပါကျောင်းဆောင်သစ်ကို ငွေကျပ် ၉၅သိန်းအကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အလျားပေ ၇၀၊ အနံပေ၃၀ရှိ တစ်ထပ်ကွန်ကရစ် ကျောင်းဆောင်ဖြစ်သည်။ အလှူရှင်အနေဖြင့် ယခင်ကလည်း ကျောင်းကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် မြင်းလမ်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်းက ကျောင်းကုန်းမြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်တစ်လုံးစီ၊ ဗီဒီယိုပြစက်တစ်လုံးစီနှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ကွန်ပျူတာတစ်စုံကိုလည်းကောင်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ရုပ်မြင်သံကြားစက်တစ်လုံးကိုလည်းကောင်း မြို့နယ်ပညာရေးမှူးအား ပေးအပ်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကိုပေးအပ်စဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိအနေဖြင့် ကျောင်းကုန်းမြို့နယ်သို့ တတိယအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ရောက်ရှိခဲ့သည့်အကြိမ်တိုင်းမှာ စေတနာရှင် ဂါဒီယန်ဦးစိန်ဝင်း၏ကျောင်းကုန်းမြို့နယ်အတွင်း ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ကူညီပံ့ပိုးမှုများအပေါ်အခြေခံ၍ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ရောက်ရှိသည့် အကြိမ်တိုင်းမှာလည်းကျောင်းကုန်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို စီစဉ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း။

ယခုအကြိမ်တွင်လည်း မိမိအနေဖြင့် ကျောင်းကုန်းမြို့နယ်မှ တာဝန်ရှိသူများ၏ တင်ပြချက်များအရရော မိမိကိုယ်တိုင်လေ့လာတွေ့ရှိချက်များအရပါမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့စည်ပင်သာယာရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ကျောင်းကုန်းမြို့နယ်သည် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ပုံမှန်တိုးတက်နေသည်ကို တွေ့ရရာ ပိုမိုဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင် တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝီရိယစိုက်ထုတ်ပြီး စေတနာရှေ့ထားကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်

အတော်များများမှာ လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်ကို တွေ့နိုင်ကြောင်း။

လမ်းမကြီးများနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းအတွင်း မြို့ကြီးများအားလုံးကို ကွန်ရက်သဖွယ်ဆက်စပ်မိစေအောင် ဖောက်လုပ်ပေးခဲ့ရာ ရောဝတီတိုင်းသည် မိမိတို့ ခေတ်ကာလတွင် လမ်းသစ်များဖောက်လုပ်ပေးမှု၌ လမ်းမိုင် အရှည်လျားဆုံး တိုးတက်ဖြစ်ထွန်းလာခဲ့သည့် ဒေသတစ်ခုပင်ဖြစ်ကြောင်း။

အလားတူပင် တံတားကြီးများကို ရောဝတီတိုင်း၏ မြောက်မြားလှစွာသော မြစ်များ၊ ချောင်းများကို ဖြတ်ကျော်လျက် လမ်းများဆက်စပ်မိအောင် တည်ဆောက်ပေးခဲ့သည် ဖြစ်ရာ မိမိတို့ အစိုးရခေတ်ကာလအတွင်း ရောဝတီတိုင်းတွင် ပေ ၁၈၀ အထက် မြစ်ကူး ချောင်းကူးတံတားကြီးပေါင်း ၃၉ စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိတည်ဆောက်ဆဲ တံတားကြီးနှစ်စင်းမှာလည်း ပြီးစီးတော့မည်ဖြစ်ရာ မကြာမီကာလအတွင်း ရောဝတီတိုင်းအတွင်း နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့သည့် တံတားကြီးပေါင်း ၄၁ စင်းရှိလာတော့မည်ဖြစ်ရာ ရောဝတီတိုင်းသည် မိမိတို့ခေတ်ကာလအတွင်း တံတားကြီးများ အများဆုံး တည်ဆောက်ပေးခဲ့သည့် ဒေသတစ်ခုအဖြစ် ဂုဏ်ယူနိုင်ကြမည်ဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ယခုအချိန်အခါတွင် ရန်ကုန်-ပုသိမ်လမ်းမကြီးကို နိုင်လွန်ကတ္တရာခင်းလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးလျက်ရှိနေရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မှာ ဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေတွင် ဒေသတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ အကြီးအကဲများက မိမိတို့ဒေသအတွင်း မြို့တွင်းဆက်သွယ်သည့် လမ်းများ၊ မြို့နှင့်ကျေးရွာဆက်သွယ်သည့်လမ်းများ၊ ကျေးရွာအချင်းချင်း ဆက်သွယ်သည့် လမ်းများ တိုးတက်ကောင်းမွန်အောင် အားစိုက်လုပ်ဆောင်ကြရန် လိုကြောင်း။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ရောင်းဝယ်ဖောက်ကားရေးစသည့် စီးပွားရေးတိုးတက်ဖြစ်ထွန်းစေရအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများက မှန်ကန်စွာ စည်းရုံးဦးဆောင်ရင်း လိုအပ်သည်များ ပံ့ပိုးကူညီပေးကြရန် မှာကြားလိုကြောင်း။

ရောဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည်နှင့်အညီ ဆန်စပါးအထွက်တိုးရေး အစီအမံများ၊ လယ်ယာမြေ ဖော်ထုတ်ရေး အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏စပါးကျီဆိုသည့် ဂုဏ်ဒြပ်ကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းကြရန် လိုကြောင်း။

နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်တိုးရေး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင်မြင်ရေးအတွက် စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း။

ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်အစိုးရက မြင့်မားသည့် ရည်မှန်းချက်များထားရှိပြီးဦးစားပေးအလိုက်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၅၀၊ ခဲတံဒါဇင် ၅၀တို့ကို မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်သို့ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးနှင့် ပတ်သက်၍ မြို့နယ်အဆင့် ဆေးရုံတိုင်း (၂၅) ခုတင်ဆံ့ ဆေးရုံဖြစ်ရေး၊ အချက်အချာကျသည့်ဒေသများတွင် တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများအဆင့်မြှင့် ဖွင့်လှစ်ပေးနိုင်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် ပညာရေး ကဏ္ဍနှင့်စပ်လျဉ်း၍ တွဲဖက်ကျောင်းများအားလုံးကို ပုံမှန်ကျောင်းများ၊ ကျောင်းခွဲများအဆင့်သို့ တိုးမြှင့်ပေးရန် စီမံဆောင်ရွက်လျက်ရှိသလို ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကျေးရွာများ စုစည်းမှုနှင့် လူဦးရေစုဖွဲ့နေထိုင်မှုအခြေအနေ၊ ကျောင်းသားများ တိုးပွားများပြားလာမှု အခြေအနေများကို တွက်ဆလျက် လိုအပ်သည့်နေရာဒေသများတွင် အခြေခံပညာကျောင်းများ အသစ်ဖွင့်လှစ်ပေးမှု၊ အဆင့်တိုးမြှင့်ပေးမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ နယ်မြေဒေသများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ အားပေးစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်းတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ခံ ဌာနဆိုင်ရာ အကြီးအကဲများအားလုံးက မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မနားမနေ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း။

ကျေးလက်ဒေသများသည်မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးသော ဒေသများဖြစ်သည်နှင့်အညီ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းသဘောထားကို မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက နားလည်သဘောပေါက်ပြီး မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသအထိဆင်းပြီး ကျေးလက်နေပြည်သူများ၏ အခြေအနေနှင့် လိုအပ်ချက်များကို အမြဲမပြတ်သုံးသပ်၍ တီထွင်ကြံဆဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများအားလုံးက ကျေးလက်ဒေသများမှ အစပြု၍ မိမိတို့ မြို့နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် သူ့တာကိုယ့်တာမခွဲခြားဘဲ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ထက်မြက်သည့်စွမ်းပကားကို မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိ ထိရောက်စွာ အသုံးပြုသွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့်အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး အမျိုးသမီး လူနာဆောင်၊ ခွဲစိတ်လူနာဆောင်၊ ကလေးလူနာဆောင်၊ အမျိုးသား လူနာဆောင်၊ ခွဲစိတ်ခန်း၊ သွားခံတွင်းရောဂါကုဌာန၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားသည်။ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတကာသတင်း ဂျာနယ် အမှတ်(၄၄၆)ကို ယနေ့စတင်ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသောဂျာနယ်ဦးတည်ချက်ဆောင်ပုဒ်ဖြင့်သတင်းဦး၊ သတင်းထူးများကို ဖော်ပြလျက်ရှိသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ် ဂျာနယ်တွင် ဒီမိုကရေစီသို့မဟုတ် အကောင်အထည်ဖော်ရန် ခက်ခဲသည့် စိတ်ကူးတစ်ရပ်၊ အမေရိကန်၏ ရေနံမဟာဗျူဟာ၊ ယူကရိန်းနိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်မှအမေရိကန်တပ်များဆုတ်ခွာပေးရန် တောင်းဆိုချက်များပေါ်ထွက်နေခြင်း၊ ဖော်လူဂျာထိုးစစ်၊ အကြမ်းဖက်မှုအန္တရာယ် သမ္မတဘုရှ်လျစ်လျူရှုခဲ့၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာ ရွေးချယ်ခံ နိုင်ရေးကြိုးပမ်းမှု၊ ယခုနှစ်၏ ကမ္ဘာ့နံ့စားသီးနှံအထွက်၊ ပြည်တွင်းရေး ဝင်စွက်သည့် အမေရိကန်၊ ခွေးရူးပြန်ရောဂါ သယ်ဆောင်သည့် သွေးစုပ်လင်းဆွဲ၊ အာရှနိုင်ငံများ၏အိမ်ထောင်ရေးကွာရှင်းပြတ်စဲမှုနှုန်း၊ နိုင်ငံတကာဟာသ၊ အီရတ်နိုင်ငံအနာဂတ်၊ နှလုံးရောဂါဘေး ဝေးလိုသော်၊ ဟားမားစ်ခေါင်းဆောင် ရန်တီဆီလုပ်ကြံသတ်ဖြတ်ခံရခြင်းစသည့် အကြောင်းအရာများကို ဝေဝေဆာဆာဖော်ပြထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကျောင်းဆောင်သစ်အလှူရှင် ဂါဒီယန်ဦးစိန်ဝင်းက ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ရောဝတီတိုင်း တိုင်းပညာရေးမှူး ဦးမောင်မောင်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ယနေ့ ဆုံစည်းကြရသည့် ညီအစ်ကိုမောင်နှမများအားလုံး အဆက်အသွယ် အဆက်အဆံမပြတ်စေဘဲ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပျိုးထောင်သွားကြရန်လည်းမှာကြားလိုကြောင်း။

ထို့ကြောင့်ယနေ့ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲကို မောင်တို့မယ်တို့အတွက် အမှတ်တရဖြစ်စေရန် နောင်တွင်လည်း ပြန်လည်ဆုံစည်းကြမည်ဆိုသည့် မျှော်လင့်ချက်ယုံကြည်ချက်များ ဖြစ်ထွန်းလာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့်စီစဉ်ပေးခြင်းဖြစ်ကြောင်း။

ယခုရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့်ကောင်းမြတ်သော အစဉ်အလာများကို မိမိတို့ဒေသများသို့ ပြန်လည်သယ်ဆောင်သွားရင်း မိမိတို့ သွေးချင်းသားရင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်နှင့် **"ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်"** ဆိုသည့် သဘောထားခံယူချက်များ တိုးပွားဖြစ်ထွန်းခိုင်မြဲစေရအောင် မောင်တို့မယ်တို့ အားလုံးက ပြည်ထောင်စုကြီး၏သံတမန်များအဖြစ်နှင့် ဆက်လက်စည်းရုံးဆောင်ရွက်သွားကြရန်ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကချင်ပြည်နယ်ဆွမ်ပရာဘွမ်ဒေသမှ ဂျိန်းဖောတိုင်းရင်းသားတိုင်းရင်းသူ၊ နောင်မွန်းဒေသမှ ရဝမ်တိုင်းရင်းသားတိုင်းရင်းသူ၊ ကယားပြည်နယ် မော်ချီးဒေသမှ ကရင်တိုင်းရင်းသားတိုင်းရင်းသူ၊ မိုးဗြဲဒေသမှ ကယန်းတိုင်းရင်းသားတိုင်းရင်းသူနှင့်ကရင်ပြည်နယ် လှိုင်းဘွဲ့ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ချင်းပြည်နယ် ထန်တလန်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူး၊ ဗန်းမောက်ဒေသမှ ကဒူးတိုင်းရင်းသား တိုင်းရင်းသူနှင့် မွန်ပြည်နယ်ရေးတောင်ခြမ်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တနင်္သာရီတိုင်း ချောင်ချိဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ၊ စစ်ကိုင်းတိုင်း နန်းယွန်း၊ ပန်ဆောင်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူနှင့် ရခိုင်ပြည်နယ် မောင်တောဒေသမှ သက် တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ ဝင်များအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးဒေသမှ ပအိုဝ်းတိုင်းရင်းသားတိုင်းရင်းသူနှင့် ကျိုင်းတောင်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအားလည်းကောင်း၊ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပါလျို့/ကျိုင်းလပ်ဒေသမှ ယွန်းတိုင်းရင်းသားတိုင်းရင်းသူနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ပန်ဆန်းဒေသမှ 'ဝ' တိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များအား လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒေသမှ အခါတိုင်းရင်းသားတိုင်းရင်းသူနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသမှ ကိုးကန့်တိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ကြသည်။

ယင်းနောက် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကိုယ်စား ကရင်ပြည်နယ် လှိုင်းဘွဲ့ဒေသမှ ကရင်တိုင်းရင်းသူ မနန့်အေးအေးမိုးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားရာတွင် ဘဘဝန်ကြီးချုပ်၏ လမ်းညွှန်ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဝင်ရောက် ဆင်နွှဲခွင့်ရမည်ဟု သိခဲ့ရသည့် အချိန်ကစပြီး အထူးဝမ်းသာပျော်ရွှင်ခဲ့ရပါကြောင်း၊ ရန်ကုန်မြို့ကိုရောက်ရှိလာသည့်အခါတွင်လည်းတာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး နေရေး ထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေး၊ သွားရေးလာရေးကအစ အဘက်ဘက်က လိုလေသေးမရှိအောင် မိဘသဖွယ် ကူညီစောင့်ရှောက်ပေးခဲ့၍လည်း အံ့သြဝမ်းသာဖြစ်ခဲ့ရပါကြောင်း။

ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားသောတန်ခိုးကြီး ဘုရားများ ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက်လည်းကောင်း၊ ရန်ကုန်မြို့နှင့်ပတ်ဝန်းကျင်သွားရောက်လည်ပတ်လေ့လာခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက်လည်းကောင်း၊ တာဝန်ရှိသူများအားလုံးကို အထူးပင်ကျေးဇူးတင်မိပါကြောင်း။

ယခုကဲ့သို့စီစဉ်ပေးခဲ့သည့်အတွက် သမီးတို့တတွေသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် သိမြင်လေ့လာခွင့်ရရှိခဲ့ပါကြောင်း၊ သမီးတို့၏ နယ်စပ်ဒေသများသည် ယခင်ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး စီးပွားရေးဖွံ့ဖြိုးမှုများ နောက်ကျကျန်ရစ်ကာ လူမှုဘဝ ပြည့်စုံမှုမရှိခြင်းများနှင့် ခါးသီးစွာကြုံတွေ့ခဲ့ရပါကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ ကောင်းမွန်လာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခေတ်မီဆက်သွယ်ရေး၊ စက်မှုလက်မှုကဏ္ဍ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ယနေ့ နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့်မခြား တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြပြီး နယ်စပ်ဒေသနေ တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကိုမောင်နှမအားလုံးသည်ငြိမ်းချမ်းခြင်း၏ အသီးအပွင့် အခက်အလက်များကို မျှဝေခံစားနေကြရပြီဖြစ်ကြောင်း။

ဤကဲ့သို့ တစ်ဦးနှင့် တစ်ဦး ပေါင်းစည်းယှက်နွယ် နေထိုင်ကြပြီး ခွဲခြား၍မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြရန် လိုအပ်ကြောင်း အလေးအနက်ခံယူထားပါကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကာလအတွင်း အကနည်းပြဆရာမကြီးများ သင်ကြားပေးသည့် မြန်မာ့ရိုးရာသင်္ကြန်အကများဖြင့် ဝင့်ဝင့်ထည်ထည် ပါဝင်ဆင်နွှဲနိုင်ခဲ့သည့်အပြင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများကိုလည်း ထုတ်ဖော်ပြသခွင့်ရရှိခဲ့ခြင်းကြောင့် အထူးပင်ဝမ်းသာပီတိ ဖြစ်ကြရပါကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကြီးကို အကြောင်းပြုပြီး ဝေးလံသည့် နယ်စပ်ဒေသအသီးသီးက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လာရောက်ဆုံတွေ့ခွင့်ရရှိခဲ့ကြကြောင်း၊ အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ၊ အတူကကြပြီး သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ သူ့ဓလေ့၊ ကိုယ့်ဓလေ့ မေးကြ၊ မြန်းကြ၊ ပြောပြကြနှင့် မမောနိုင်အောင် ရှိကြရပါကြောင်း၊ ဤကဲ့သို့ ဒေသန္တရ ဗဟုသုတနှင့် ရင်းနှီးချစ်ခင်မှုများ ရရှိခဲ့ခြင်းသည် သမီးတို့အတွက်ရော နိုင်ငံတော်အတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် ရလဒ်တစ်ခုပင် ဖြစ်ပါကြောင်း။

ယခုကဲ့သို့လေ့လာတွေ့ရှိခဲ့ရသည့် အတွေ့အကြုံ ဗဟုသုတများကို အသုံးချပြီး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြပါမည်ဟု တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ကိုယ်စား ခိုင်ခိုင်မာမာ ကတိပြုပြောကြားအပ်ပါကြောင်း။

ယခုနှစ် မဟာသင်္ကြန်ပွဲတွင် အတူတကွတွေ့ဆုံ ခင်မင်ရင်းနှီးခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ ပြန်သွားကြ၍ ဘယ်လောက်ပင် အလှမ်းကွာဝေးပါစေ ခင်မင်ရင်းနှီးမှု သံယောဇဉ် ကြီးမားနေကြပြီမို့ တစ်ယောက်နှင့် တစ်ယောက်အမြဲ ဆက်သွယ်ပြီး ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်စေမှာ ဖြစ်ပါကြောင်း၊ နောင်လာမည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလများရောက်တိုင်း ယခုနှစ် သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်ခဲ့ရသည်များကိုလည်း အမြဲပြန်လည်တမ်းတ သတိရနေမှာ အမှန်ပင်ဖြစ်ပါကြောင်း။

ပါဝင်ဆင်နွှဲခွင့်ရသည့်၂၀၀၄ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင် ရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတများနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို နယ်စပ်ဒေသအရောက် လက်ကမ်းသယ်ဆောင်သွားပြီးတိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ပြန့်ပွားအောင် အစွမ်းကုန် ကြိုးပမ်းအားထုတ်သွားမှာ ဖြစ်ကြောင်းလည်း ထပ်လောင်းကတိပြု ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ မဟာသင်္ကြန်ခရီးစဉ်ကာလတွင် သားသမီး အရင်းများသဖွယ်သဘောထားပြီး လိုလေသေးမရှိ ကြည့်ရှုစောင့်ရှောက်မှုအတွက်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပညာရပ်များ သင်ကြားပေးပြီး ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတွင် ဝင့်ဝင့်ထည်ထည် ပါဝင်ဆင်နွှဲခွင့်ရအောင် ဆောင်ရွက်ပေးမှုအတွက်လည်းကောင်း၊ ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးသည့်အတွက်လည်းကောင်း၊ ယခုကဲ့သို့ ခမ်းနားထည်ဝါသည့် ညစာစားပွဲတည်ခင်း စီစဉ်ပေးသည့်အတွက်လည်းကောင်း၊ ဘဘဗိုလ်ချုပ်ကြီးနှင့် အကြီးအကဲများ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် သမီးတို့အပေါ် လှိုက်လှိုက်လှဲလှဲ အားပေးခဲ့ကြသော မိဘပြည်သူများကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း နယ်စပ်ဒေသယဉ်ကျေးမှုအဖွဲ့ဝင်များအားလုံး၏ကိုယ်စား ဂါရဝထားပြောကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား အနုပညာဦးစီးဌာနနှင့် ကရဝိက်နန်းတော်တို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည်တော်များနှင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ **(သတင်းစဉ်)**

အလင်းရောင် စာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၁၈

မိုးကောင်းမြို့နယ် ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကြီးမှူး ဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး အလင်းရောင် စာကြည့်တိုက်ကို မတ် ၇ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်နှင့် လေးမိုင်ကျေးရွာ ဥက္ကဋ္ဌ ဦးကြီးမောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားတွင် လူမှုရေးအသင်းအဖွဲ့ဝင်များ ကိုယ်စားဦးတင်စိုးက စာအုပ်မျိုးစုံ ၃၀၀ကျော် ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေး

ခရီးသွားလုပ်ငန်းဟုဆိုရာတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (International Tourism)နှင့် ပြည်တွင်းခရီးသွားလုပ်ငန်း(Domestic Tourism)ကို ပေါင်းရုံးခေါ်ဆိုခြင်း ဖြစ်သည်။ ဤလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရှာဖွေရာ၌ အလွန်ထိရောက်သောလုပ်ငန်းဖြစ်၏။ မီးခိုးမထွက်သောစက်မှုလုပ်ငန်း (Smokeless Industry)ဟူ၍ တင်စားခေါ်ဆိုခြင်းလည်း ခံရ၏။ ယင်းလုပ်ငန်းကို အားပြုထားသော ပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ဘုရားဖူးလုပ်ငန်း၊ သမိုင်းနှင့်သုတေသနလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အပန်းဖြေဥယျာဉ်လုပ်ငန်း၊ အားကစားလုပ်ငန်း၊ ပြပွဲနှင့်ဈေးပွဲတော်လုပ်ငန်း၊ သံတမန်လုပ်ငန်းစသည်တို့မှာ ကျယ်ဝန်းလှသဖြင့် ကမ္ဘာ့အကြီးကျယ်ဆုံးလုပ်ငန်းဟု ပြောရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း၏ သမိုင်းကြောင်းသည်လည်း စိတ်ဝင်စားဖွယ်ကောင်း၏။ ရှေးခေတ်က မြေထဲပင်လယ်ဝန်းကျင်ဒေသမှ ကုန်းကြောင်း၊ ရေကြောင်း စွန့်စားသွားလာသူများ၏ အတွေ့အကြုံဗဟုသုတနှင့် မှတ်တမ်းများအရ ပင်လယ်သမုဒ္ဒရာထဲက လှပသော ကျွန်းများ၊ ပင်လယ်ကမ်းခြေများ၊ ကုန်းတွင်းရေကန်ကြီးများ၊ ရေခဲတောင်များ၊ ရှေးဟောင်းအနုပညာလက်ရာများ၊ ရတနာမြေများ၊ ဆန်းပြားစည်ကားသော မြို့ပြများစသည်တို့သည် စိတ်ဝင်စားသူတို့အတွက် ဆွဲဆောင်ရာ ဖြစ်ခဲ့သည်။ ဤသို့ဖြင့် ၁၈၅၀ ပြည့်နှစ်မှ ပထမကမ္ဘာစစ်မတိုင်မီ ၁၉၁၄ ခုနှစ်အထိ အီဂျစ်၊ ဂရိ၊ ရောမ၊ ပြင်သစ်နှင့် ဆွစ်ဇာလန်တို့သည် ကမ္ဘာလှည့်ခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။ ထိုခေတ်က ဗီဇာလည်းမလို၊ ငွေကြေး စည်းကမ်း အတားအဆီးလည်းမရှိ၊ ကုန်စည်များအပေါ် ကန့်သတ်ချုပ်ချယ်မှုလည်းမရှိဟု သိရသည်။ ပထမ ကမ္ဘာစစ်အပြီး ၁၉၁၉ ခုနှစ်တွင် အီတလီ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်းများ စတင်ထူထောင်နိုင်ခဲ့ပြီး ၁၉၃၀ ပြည့်လွန်နှစ်များတွင်မူ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားဖြစ်လုပ်ငန်းကြီးအသွင်သို့ ကူးပြောင်းရောက်ရှိခဲ့သည်။ ၁၉၃၈ခုနှစ်သို့ ရောက်သည့်အခါ ကနေဒါ၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ ဗြိတိန်၊ ချက်ကိုစလိုဗက်ကီးယား၊ ပိုလန်၊ အာဂျင်တီးနား၊ ဩစတြေးလျနှင့် တောင်အာဖရိက စသည့်ဒေသများပါ ကမ္ဘာလှည့်ခရီးသွားများအတွက် စိတ်ဝင်စားဖွယ် ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် နိုင်ငံအများအပြား အထူးသဖြင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံများတွင် ခရီးသွားလုပ်ငန်းများ တိုးတက်ပျံ့နှံ့ခဲ့ကြောင်း တွေ့ရသည်။

ခရီးသွားလုပ်ငန်းသည် လုပ်ငန်းနယ်ပယ်ကျယ်ပြောရုံသာမက ငွေကြေးလှည့်ပတ်မှုပမာဏမှာလည်း များပြားလှ၏။ ကမ္ဘာ့အရပ်ရပ် ခရီးသွားလုပ်ငန်းဝင်ငွေသည် ၁၉၆၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိခဲ့ရာက ၁၉၇၀ ပြည့်နှစ်တွင် ၂၀ ဘီလီယံခန့်၊ ၁၉၈၀ ပြည့်နှစ်တွင် ၁၀၄ ဘီလီယံခန့်၊ ၁၉၉၀ ပြည့်နှစ်တွင် ၂၆၅ ဘီလီယံခန့်ရှိလာပြီး ၂၀၀၀ ပြည့်နှစ်တွင် ၄၇၇ ဘီလီယံအထိ မြင့်မားခဲ့သည်။ ယင်းငွေကြေးပမာဏသည် တစ်ကမ္ဘာလုံး လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်မှု ပမာဏနှင့် မတိမ်းမယိမ်း ဖြစ်သည်။ နှစ်ပေါင်းလေးဆယ်အတွင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း ယခုကဲ့သို့ တစ်ဟုန်ထိုး တိုးတက်လာရသည့် အကြောင်းရင်းများအနက် လေယာဉ်ခ သက်သာသော (Tourist Class)လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကျယ်ပြန့်လာခြင်းသည် အဓိကကျကြောင်း သိရသည်။ နှစ်ဆယ်ရာစု နှောင်းပိုင်းတွင် ကမ္ဘာ့ခရီးသည်တင် လေကြောင်းလိုင်းအားလုံး၏ ၇၀ ရာခိုင်နှုန်းကို ချမ်းသာသော နိုင်ငံတစ်စုက ပိုင်ဆိုင်ထားပြီး ခရီးသွားလုပ်ငန်းဝင်ငွေအားလုံး၏ ၈၀ ရာခိုင်နှုန်းကိုလည်း ယင်းနိုင်ငံတစ်စုကပင် ပိုင်ဆိုင်ခဲ့သည်။

နှစ်ဆယ့်တစ်ရာစု အစတွင် အမေရိကန်ပြည်ထောင်စု၏ ဘိုးရင်း(Boeing)ကုမ္ပဏီနှင့် ဥရောပ၏ အဲယားဘတ်စ်(Airbus)ကုမ္ပဏီတို့က လေယာဉ်များ ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်ကို ချမှတ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းလုပ်ငန်းစဉ်အရ အနာဂတ်တွင် ပန်ကာတပ်စနစ်များနေရာတွင် ဂျက်အင်ဂျင်များဖြင့် အစားထိုးခြင်း၊လက်ရှိဂျက်လေယာဉ်များထက် ၂၀ရာခိုင်နှုန်း ပိုမြန်သောနှုန်းဖြင့် လမ်းခရီးတွင် ဆီဖြည့်ရန်မလိုဘဲ ခရီးဝေးတိုက်ရိုက်ပျံနိုင်သည့် ဂျက်လေယာဉ်များထုတ်လုပ်ခြင်း၊ လက်ရှိကမ္ဘာ့ဂျက်လေယာဉ်များ ပျံသန်းနေသည့် အမြင့်ထက် ပို၍မြင့်သောလမ်းကြောင်းသစ်မှ အန္တရာယ်ကင်းကင်းနှင့် ငြိမ့်ငြိမ့်ညောင်းညောင်း ပို့ဆောင်နိုင်အောင်စီမံခြင်းနှင့် ကမ္ဘာ့လေဆိပ်ကြီးများ အဆင့်မြှင့်ခြင်းကို ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က ၂၀၀၅ ခုနှစ်တွင် စမ်းသပ်ပျံသန်းမည့် အဲယားဘတ်စ်-အေ ၃၈၀ (Airbus A 380)လေယာဉ်ကို နိုင်ငံအလိုက် ဟန်ချက်ညီ တာဝန်ခွဲဝေ ထုတ်လုပ်မည်ဖြစ်ရာ ခရီးသည် ၅၅၅ယောက် သယ်နိုင်ပြီး ကမ္ဘာ့ခေတ်မီအကြီးဆုံးနှင့် ဆီစားအသက်သာဆုံး စူပါဂျက်လေယာဉ် ဖြစ်လာမည်။ ဂျပန်ကလည်း အမ်ဒီ-၁၁ (MD-11)နှင့် ဒီစီ-၁၀(DC-10)လေယာဉ်များကို ၂၀၀၆ခုနှစ်နှင့် ၂၀၀၈ခုနှစ်တို့တွင် မသုံးတော့ဘဲ **'ဘိုးရင်း-၇၆၇'၊'ဘိုးရင်း-၇၇၇'** တို့ဖြင့် အစားထိုးသွားမည်ဟု သိရသည်။

မျက်မှောက်ခေတ်တွင် လေကြောင်းပို့ဆောင်ရေးစွမ်းပကား ကြီးမားသည့် နိုင်ငံအချို့ကို ယခုလိုတွေ့ရသည်။ ၂၀၀၀-၂၀၀၁ခုနှစ် စာရင်းဇယားများအရ

အောင်စည်ဟိန်း

တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည် အပါအဝင် ခရီးသည်အများဆုံးဝင်ထွက်သည့် လေဆိပ်ကြီးများမှာ ဟီးသရိုးလေဆိပ်၊ ချားလ်(စ်)ဒီဂေါလေဆိပ်၊ ဖရန့်ဖွတ်လေဆိပ်နှင့် ဟောင်ကောင်လေဆိပ်တို့ဖြစ်ပြီး ဟီးသရိုးလေဆိပ်မှာ ခရီးသည် ၅၇ သန်းဖြင့် စံချိန်အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ ကုန်တင်ကုန်ချအများဆုံးဖြစ်သည့် လေဆိပ်ကြီးများမှာ ဟောင်ကောင်လေဆိပ်၊ နာရီတာလေဆိပ်နှင့် စင်ကာပူလေဆိပ်တို့ဖြစ်ပြီး ဟောင်ကောင်လေဆိပ်သည် ကုန်ချိန်မက်ထရစ်တန် ၁ ဒသမ ၉ သန်းဖြင့် စံချိန်အမြင့်ဆုံး ဖြစ်သည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံသားများသည် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ကမ္ဘာအနှံ့ ခရီးထွက်လေ့ရှိသူများ၊ စွန့်စားဝံ့သူများ ဖြစ်လေ့ရှိကြသဖြင့် ကမ္ဘာကြီး၏အကြောင်းကို စောစောသိ၊ စောစောအမြင်ကျယ်ကြပြီး စစ်ရေးနှင့် စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့တွင် များစွာလက်ဦးမှု ရရှိခဲ့ကြသည်။ ကမ္ဘာ့အမြင်၊ ကမ္ဘာ့ဗဟုသုတအရာတွင် ခေတ်နောက်ကျကျန်ခဲ့သည့် နိုင်ငံအမြောက်အမြားသည် ဝါဒရေးအချုပ်အနှောင်ခံရ၊ ကျူးကျော် စော်ကားခံရ၊ ကျွန်ပြုခံရ၊ ကြွေးတင်ခံရ၊ စီးပွားရေးအရ ဝါးမျိုခံရ၊ စစ်ရေးဖြင့် ခြိမ်းခြောက်ခံရ စသည့်ခံရမှုပေါင်းများစွာဖြင့် နာလန်မထူနိုင်အောင် ဖြစ်ခဲ့ကြရသည်။ ခေတ်နောက်ကျနေမှုကို စောစောသိ၍ လမ်းမှန်ပေါ်သို့ စနစ်တကျ မြန်မြန်ထက်ထက် ကူးပြောင်းနိုင်သည့် ချီးကျူးဖွယ်နိုင်ငံများလည်း ရှိခဲ့သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်း၏ အကျိုးဆက်များသည် နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာအဆိုးအကောင်းကို ဖန်တီးနိုင်စွမ်းရှိကြောင်း သင်ခန်းစာယူနိုင်ပေသည်။

ဤနေရာတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေသော အာရှနိုင်ငံအချို့၏ ၁၉၈၇ ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ် တိုးတက်မှု နှိုင်းယှဉ်ဇယားကိုလည်း အောက်ပါအတိုင်း တွေ့ရှိနိုင်သည်-

	ကမ္ဘာလှည့်ခရီးသည်အဝင်(သန်း)		ဝင်ငွေအမေရိကန်ဒေါ်လာ(သန်း)	
	၁၉၈၇	၂၀၀၀	၁၉၈၇	၂၀၀၀
တရုတ်	၁၀.၆၀	၃၁.၂၂၉	၁၈၄၅	၁၆၂၃၁
ဟောင်ကောင်	၄.၅၀၂	၁၃.၀၅၉		၇၈၈၆
ထိုင်း	၃.၄၈၃	၉.၅၀၉	၁၉၄၇	၇၁၁၉
တောင်ကိုရီးယား	၁.၈၇၅	၅.၃၂၂	၂၂၉၉	၆၆၀၉
စင်ကာပူ	၃.၃၇၃	၇.၆၉၁	၂၂၁၆	၆၃၇၀
အင်ဒိုနီးရှား	၀.၉၀၀	၅.၀၆၄	၈၀၃	၅၀၄၆
ဂျပန်	၁.၉၃၉	၄.၇၅၇	၂၀၉၇	၃၃၇၄
အိန္ဒိယ	၁.၄၈၄	၂.၆၄၁	၁၄၅၅	၃၂၉၆
ဖိလစ်ပိုင်	၀.၇၈၁	၂.၁၇၁	၄၅၉	၂၅၃၄

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အခြေအနေကိုလေ့လာပါက ၁၉၈၈ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၄၈၀၀၀ ကျော်ရောက်ရှိကြောင်း၊ ၁၉၉၂ခုနှစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဖွဲ့စည်းခဲ့ပြီးနောက် ပုဂ္ဂလိကပိုင်းက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၃-၉၄ ခုနှစ် တွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ၆၂၅၄၇ ယောက်ရှိခဲ့ရာမှ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ၂၁၁၁၉၁ ယောက်အထိ တိုးတက်ခဲ့ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံအနေနှင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းသမိုင်းဝင်နေရာများ၊ ရေမြေသဘာဝနှင့် သယံဇာတ အလှအပများ၊ တိုင်းရင်းသားရိုးရာဓလေ့ ယဉ်ကျေးမှုများနှင့် ဗုဒ္ဓသာသနာဆိုင်ရာ နက်နဲဆန်းကျယ်သိမ်မွေ့သော တရားရိပ်မြုံများ ရှိနှင့်ပြီးဖြစ်ရာ လေကြောင်းပို့ဆောင်ရေး တိုးတက်လာသည်နှင့်အမျှ မြန်မာ့ခရီးသွားလုပ်ငန်းလည်း ပို၍ ပို၍ တိုးတက်ဖွံ့ဖြိုးလာမည်မှာ မလွဲကေန် ဖြစ်သည်။

ခရီးသွားလုပ်ငန်းတွင် လေကြောင်းပို့ဆောင်ရေးသည် အဓိကကျသလို ဆွဲဆောင်မှု (Attraction)ရှိခြင်း၊ သွားရေးလာရေး အချိတ်အဆက်လွယ်ကူချောမွေ့မှု (Accessibility)ရှိခြင်း၊ တည်ခိုနေထိုင်ရေး (Accommodation) အဆင်ပြေခြင်းနှင့် နယ်မြေအုပ်ချုပ်ရေးအေးချမ်းလုံခြုံမှု (Administration)ကောင်းမွန်ခြင်းတို့သည်လည်း အရေးကြီးသော အခြေခံများဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများပေါ်မူတည်ပြီး စွန့်စားသွားလာမှု ခရီးစဉ် (Adventure Tourism)၊ကျေးရွာဓလေ့ခရီးစဉ်(Village Tourism)၊ ကျေးလက်စိုက်ပျိုးမွေးမြူရေးခရီးစဉ်(Rural Tourism)၊ သဘာဝပတ်ဝန်းကျင်ခရီးစဉ်(Eco-Tourism)၊ ယဉ်ကျေးမှုအခြေခံခရီးစဉ်(Cultural Tourism)နှင့် တောတွင်းတောင်ပေါ်ခရီးစဉ်(Trekking and Camping Tourism)စသည်တို့ဘက်စုံဖွံ့ဖြိုးလာနိုင်ကြောင်း တွေ့ရသည်။

ခရီးသွားလုပ်ငန်းသည် အထက်တွင်တင်ပြခဲ့သလို နိုင်ငံအတွက် စီမံဆောင်ရွက်နိုင်လေ ကောင်းကျိုးတရားများ ပေးစွမ်းနိုင်လေဖြစ်သည်။ တစ်ဖက်တွင်လည်း ရေမြေတောတောင် ကမ်းရိုးတန်းသဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုမခံရအောင် အဆင့်မြင့် အသိအတတ်ပညာဖြင့် ကာကွယ်စောင့်ရှောက်ဖို့လိုသလို သရုပ်ပျက်ဝတ်စားဆင်ယင်မှု၊ မူးယစ်သောက်စားပျော်ပါးမှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ ညစ်ညမ်းစာပေ၊ ဗီဒီယိုအခွေပျံ့နှံ့မှု စသည်တို့၏ အန္တရာယ်မှ ကာကွယ်နိုင်အောင် နိုင်ငံသားတိုင်းက အသိပညာ ဗဟုသုတရှိရန်လည်း လိုအပ်သည်။ ဆိုင်ရာဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်ကလည်း မလျော့မတင်းသော စည်းကမ်းထိန်းကျောင်းမှုများဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မြန်မာ့ခရီးသွားလုပ်ငန်းကြီး စည်းကမ်းရှိရှိ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၉-၄-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Incidence of Taxation (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅း၃၀၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၅ ၁၆။ လျှပ်တစ်ပြက်
၆း၄၅ ၁၇။ မေးမြန်းစူးစမ်း
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၁၀)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၃၄)
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား

ဧပြီ ၁၇ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၅၅)ကြိမ်မြောက် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပရာ ဘိုးဘွားများအား ပူဇော် ကန်တော့ကြစဉ်။
(သတင်းစဉ်)

✻ ကျောဖုံးမှ

ဖြစ်သည့် ပဒဲရေလှောင်တမံသို့ ဧပြီ ၇ ရက်တွင်က သတင်းဆောင်းပါး အဖွဲ့သွားရောက်လေ့လာခွင့်ရရှိခဲ့သည်။

တည်နေရာ

ပဒဲရေလှောင်တမံသည် မကွေးတိုင်း အောင်လံမြို့နယ် အောင်လံမြို့ အရှေ့တောင်ဘက် ၂၈မိုင်ရှိ ရွှေပန်းတောရွာအနီးတွင် တည်ဆောက်လျက်ရှိသည်။ ပဒဲချောင်းကို တမံပိတ်၍ ရေလှောင်တမံတည်ဆောက်ခြင်းဖြစ်ပြီး ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ် ဒီဇင်ဘာလမှ စတင်တည်ဆောက်လျက်ရှိခြင်းဖြစ်သည်။ ပဒဲရေလှောင်တမံမှာ လုပ်ငန်းများ စတင်အကောင်အထည်ဖော်စဖြစ်သောကြောင့် မိမိတို့အဖွဲ့သည် ဘွက်ကြီးရေလှောင်တမံ ဧည့်ရိပ်သာ၌ ညအိပ်နားပြီး နောက်တစ်နေ့ ဧပြီ ၈ ရက်တွင် ပဒဲရေလှောင် တမံသို့ သွားရောက်လေ့လာကြရသည်။

ပဒဲရေလှောင်တမံ တည်ဆောက်ရေး(၃)မှ ဦးစီးအရာရှိ ဦးသောင်းမြင့်က မြန်မာ့အလင်းသတင်းအဖွဲ့အား ရှင်းလင်းပြောပြသည်။ ပဒဲရေလှောင်တမံအား ပဒဲချောင်းကို တမံပိတ်ပြီး ရေဧကပေ ၃၂၀၀၀ သိုလှောင်ပြီး ဆည်ရေ ဧကပေ ၆၄၀၀ကို သီးနှံစိုက်ပျိုးရေ ပေးမည်ဖြစ်သည်။ ပဒဲချောင်း၏ ရေဆင်းဧရိယာမှာ ၆၁ စတုရန်းမိုင်ရှိပြီး အောင်လံမြို့နယ်၏ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်သည် ၃၀ဒသမ ၉၇လက်မ မှ ၃၅ လက်မ ပတ်ဝန်းကျင်၌ ရှိသည်။

လုပ်ငန်းလေးခု

ပဒဲရေလှောင်တမံ စီမံကိန်းမှာ လုပ်ငန်းကြီးလေးခုရှိသည်။ ပင်မရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ် တူးမြောင်းလုပ်ငန်းတို့ဖြစ်သည်။တမံလုပ်ငန်းအရ တမံ၏အလျားသည် ပေ ၂၃၀၀ ရှိပြီး တမံအမြင့် မှာ ၁၁၈ ပေဖြစ်သည်။ တမံမှာမြေသားတမံအမျိုးအစားဖြစ်၍ ပွင့်လင်းရာသီတွင်တမံအူကြောင်း တစ်လျှောက်၌ ရေများစိမ့်မထွက်စေရန် သတ်ကျင်း ဘိလပ်မြေသရွတ်မှုတ်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ရေထုတ်ပြွန်လုပ်ငန်းမှာယမန်နှစ် ဒီဇင်ဘာလမှ စတင်တည်ဆောက်ခဲ့သည့်အလျောက် အားလုံးပြီးစီးသွားပြီဖြစ်သည်။ ရေတံခါး တပ်ဆင်ရန်သာလိုသည်။ ရေတံခါးတပ်ရန်လည်း အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ရေထုတ်ပြွန်လုပ်ငန်း ပြီးစီးသွားပြီဖြစ်၍ ရေပိုလွှဲ လုပ်ငန်းအတွက် မြေကြီးလုပ်ငန်းကို စတင်နေကြောင်းတွေ့ရသည်။ မြေကြီးလုပ်ငန်းအတွက် ကျင်း ၁၆၀၀ ကျော်လုပ်ပြီး မြေကြီးလုပ်ငန်းမှာ ကျင်းတစ်သိန်းခွဲလုပ်ရန် ဖြစ်သော်လည်း စက်အင်အားလိုအပ် နေသေး၍ လုပ်နိုင်သောလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်လျက်ရှိသည်။ သတ်မှတ်ရက် ပြီးစီးနိုင်ရန်အတွက် ပုဂ္ဂလိက ကုမ္ပဏီသုံးခုနှင့် ဆက်သွယ်လုပ်ကိုင်ရန် ဆောင်ရွက်ထားကြောင်းမြန်မာ့အလင်းသို့ ရှင်းပြသည်။

ပဒဲချောင်းသည် ပဲခူး ရိုးမ အရှေ့ဘက်တောင်တန်းများပေါ်မှ မြစ်ဖျားခံစီးဆင်းလာခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းရွာအနီးတွင် ဘွက်ကြီးချောင်းနှင့်ပဒဲချောင်းတို့ဆုံ၍ ရေဆင်းသည်။ ပဒဲရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်၍ နှစ်စဉ်စီးဝင်ရေဧကပေ ၃၄၀၀၀ ရှိ၍ ကန်ရေပြည့် ရေလှောင်ပမာဏသည် ၃၂၉၀၀ ရှိမည်ဖြစ်သည်။ ပဒဲရေလှောင်တမံသည် ဧကပေ ၇၃၀၀ ကို ရေလှောင်ထားမည်ဖြစ်ပြီး ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာမှာ ဧက ၁၃၄၀ ဖြစ်သည်။

တည်ဆောက်ပြီးစီးသွားသော ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်၍ အကျယ် ၄ ပေ အမြင့်၆ ပေ အရွယ်အစားဖြစ်သည်။ ရေထုတ်ပြွန်၏အလျားမှာ ၃၁၆ ပေ ရှိ၍ တစ်စက္ကန့်လျှင် ကုဗပေ ၁၅၀ ရေထုစီးနှုန်း ရှိမည်ဖြစ်သည်။

သိုလှောင်နိုင်သောရေဧကပေထက် ကျော်လွန်ဝင်လာသော ရေများကို အကျယ်ပေ ၁၅၀ ရှိမည့် သံကူကွန်ကရစ် ရေပိုလွှဲဖြင့် လွှဲထုတ်မည်ဖြစ်ရာ ရေပိုလွှဲရေထုစီးနှုန်းသည် ၁၃၁၃၅ ကုဗပေ/စက္ကန့်ဖြစ်သည်။ ပဒဲရေလှောင်တမံမှ အလျား ၁၃ ဒသမ ၅၀ မိုင်ရှိသည့် တူးမြောင်းမကြီးမှ အလျား ၁၅ ဒသမ ၆၀ မိုင်ရှိသော လက်တံမြောင်းများမှတစ်ဆင့် သီးနှံစိုက်ပျိုးမြေဧရိယာဧက ၆၄၀၀ သို့ ရေပေးဝေမည်ဖြစ်သည်။

မကွေးအရှေ့ခြမ်းတွင် အစုအဖွဲ့လိုက်တည်ဆောက်ပြီး ဖွင့်လှစ်ပေးခဲ့သော ဆည်အစုအဖွဲ့မှာ ကိုးခုရှိရာ ၎င်းတို့မှာ နတ်မောက်ရေလှောင်တမံကို ၂၉-၁၀-၁၉၉၅ ခုနှစ်တွင် ဖွင့်ခဲ့သည်။ ပုလင်းရေလှောင်တမံကို ၁၆-၇-၂၀၀၁တွင် ဖွင့်နိုင်ခဲ့သည်။ စွန်ချောင်းရေလှောင်တမံကို ၂၄-၆-၂၀၀၁ တွင် ဖွင့်၍ ဆဒ္ဒန်ရေလှောင်တမံကို ၁၈-၄-၁၉၉၈ တွင် ဖွင့်လှစ်ခဲ့သည်။ ငမင်ရေလှောင်တမံကို ၁၈-၉-၁၉၉၉ ခုနှစ်တွင်ဖွင့်ခဲ့၍ ကင်မွန်းတောင် ရေလှောင်တမံကို ၂၉-၃-၁၉၉၀ ပြည့်နှစ်တွင် ဖွင့်ပြီး ဘန်းကုန်းရေလှောင်တမံကို ၁၈-၁-၁၉၉၇ တွင် ဖွင့်ခဲ့သည်။ ရန်ပယ်ရေလှောင်တမံကို ၂၈-၂-၂၀၀၁ တွင် ဖွင့်၍ ဘွက်ကြီးရေလှောင်တမံကို ၃၀-၉-၂၀၀၃ တွင် ဖွင့်လှစ်ခဲ့ပြန်သည်။ ပဒဲရေလှောင်တမံသည် အရှေ့ခြမ်းအတွက် နောက်ဆုံးဖွင့်လှစ်ပြီး မကွေးအရှေ့ခြမ်း၌ ဆည်စု ၁၀ ခု ရှိမည်ဖြစ်ပေသည်။

နတ်မောက် ရေလှောင်တမံ၏ ရေသောက် ဧရိယာကေသည် ဧက ၃၆၀၀၀ ရှိသည်။ ပုလင်းရေလှောင်တမံ၏ရေသောက်ဧရိယာမှာ ၂၀၀၀၊ စွန်ချောင်းရေလှောင်တမံ၏ရေသောက်ဧရိယာကေမှာ ဧက ၇၀၀၀၊ ဆဒ္ဒန်ရေလှောင်တမံ၏ရေသောက်ကေသည် ဧက၁၀၅၀၀၊ ငမင်ရေလှောင်တမံ၏ ရေသောက်ဧရိယာကေမှာ ဧက၄၀၀၀၊ ကင်မွန်းတောင်ရေလှောင်တမံ၏ ရေသောက်ဧရိယာကေမှာ ဧက၅၀၀၀၊ ဘန်ကုန်းရေလှောင်တမံ၏ ရေသောက်ဧရိယာကေမှာ ဧက၂၀၀၀၊ ရန်ပယ်ရေလှောင်တမံ၏ရေသောက်ဧရိယာကေမှာ ဧက ၁၀၀၀၀၊ ဘွက်ကြီး ရေလှောင်တမံ၏ ရေသောက် ဧရိယာကေမှာ ၁၀၀၀၀ ဖြစ်ပြီး ပဒဲရေလှောင်တမံ ပြီးစီးပါက ရေသောက်ဧရိယာကေမှာ ဧက ၆၄၀၀ ရှိမည်ဖြစ်သောကြောင့် မကွေးအရှေ့ခြမ်း ဆည်အစုအဖွဲ့များမှ ဆည်ရေသောက်ဧရိယာကေပေါင်း ကိုးသောင်းကျော်ကို အကျိုးပြုမည်ဖြစ်သည်။

ပဒဲရေလှောင်တမံနှင့် ဘွက်ကြီးရေလှောင်တမံတို့၏ ပတ်ဝန်းကျင်ကျေးရွာများသည် စပါးစိုက်ပျိုးခြင်း အလေ့အထမရှိဘဲ ပဲတီစိမ်း၊ ဝါတို့စိုက်ပျိုးကြပြီး ငွေကြေးချောင်လည်ကြသူများသည်။ စပါးစိုက်ပျိုးသည့် အလေ့အထမရှိသောကြောင့် ဆည်များတည်ဆောက်ပေးပြီး စပါးစိုက်ပျိုးရန် နှိုးဆော်တိုက်တွန်းသဖြင့်စပါးစိုက်ပျိုးကြသည်။ ယခင်က ယာလုပ်ငန်းဖြင့် အကျွမ်းတဝင်ရှိသောကြောင့်အောင်လံမြို့တွင် ပဲ၊ဝါနှင့် ထန်းလျက်စသော ကုန်များကို ယင်းဒေသများမှ ပေးသွင်းကြပြီး ကြွယ်ဝချမ်းသာကြသည်။

သီးထပ်စိုက်နိုင်

ယခုအခါတွင် သက်ဆိုင်ရာတို့၏ နှိုးဆော်ချက်အရ ဘွက်ကြီးရေလှောင်တမံပတ်လည်၌ စပါးစိုက်ခင်းများပေါ်ထွန်းလာပြီး စပါးစိုက်ခြင်း၏အကျိုးများသည်ကိုသိရှိရသည့်အပြင် စပါးပြီးလျှင် အခြားသီးနှံများ သီးထပ်စိုက်ပျိုးနိုင်ကြောင်း သဘောပေါက်လာကြပြီဖြစ်သည်။ စပါးစိုက်ခြင်း၏ အကျိုးကိုသိကြသောကြောင့် ယာမြေများတွင် စပါးများ စိုက်ပျိုးနေကြပေပြီ။ ဆည်ရေများလည်းရရှိပြီး စပါးစိုက်ခြင်းဖြင့် နှစ်သီးစိုက်ပျိုးနိုင်ကြမည့်အပြင် မကွေးတိုင်းတွင် ဒေသအတွင်း ဆန်ဖူလုံရမည်ဟု စီမံကိန်းချမှတ်ထားမည့်အလျောက် ပဒဲရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် အောင်လံမြို့နယ်အတွင်း စိုက်ပျိုးမြေ ဧရိယာဧက ၆၄၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်၍ စပါးနှင့်အခြားသီးနှံများ အောင်မြင်စွာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း လေ့လာတင်ပြရပါသည်။ ။

(မြန်မာ့အလင်း)

ပဒဲရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၃)မှ ဦးစီးအရာရှိ ဦးသောင်းမြင့်က ရေသောက်ဧရိယာနှင့်ရေဝင်ဧရိယာအကြောင်း ပုံစံကားချပ်ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပဒဲရေလှောင်တမံ စီမံကိန်းတွင် တမံမြေဖို့ခြင်း၊ မြေကြီးသယ်ခြင်း လုပ်ငန်းကို စက်ယန္တရားများဖြင့် ဤသို့ဆောင်ရွက်လျက်ရှိသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

နယ်စပ်ဒေသမှ တိုင်းရင်းသားကျောင်းသားငယ် ရှင် ၁၀၈ ပါးနှင့် ရဟန်းလောင်းများ (၁၁)ကြိမ်မြောက် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကို ဧပြီ ၁၀ ရက်က သာကေတမြို့နယ် ရှုခင်းသာလမ်းမကြီးဘေးရှိ နတ်မောက်ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း အမှတ်(၁)၌ ကျင်းပစဉ်။ (က-ပ)

ဆီအုန်းစိုက်ခင်း ဒုတိယဝန်ကြီးကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းသည် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၅ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် ပုဂေါဓွန်းသို့ရောက်ရှိပြီး တစ်နာရီလျှင် ၇ ဒသမ ၅ တန်ကျ ပုဂေါဓွန်း စားအုန်းဆီစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုဂေါဓွန်းဆီအုန်းခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ရေဖြူမြို့နယ် ကလိန်အောင်သို့ရောက်ရှိပြီး ထားဝယ် မြစ်ဘေးတစ်လျှောက် သစ်၊ဝါးပေါက်ရောက်မှု အခြေအနေများနှင့် တစ်နေ့တန် ၁၀၀ ကျ ဝါးပျော့ဖတ် စက်ရုံ တည်ဆောက်သွားနိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ စက်မှုရပ်ကွက်ရှိ ပြိုင်မြင်းလယ်ယာ ဘက်စုံသုံး သုံးဘီးမော်တော်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိပြီး မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

မန္တလေးအသင်းအန္တရာယ်ကင်း ပရိတ်တရားတော်နာယူ

ရန်ကုန် ဧပြီ ၁၈

၁၃၆၆ခုနှစ် နှစ်သစ်တွင် မန္တလေးအသင်းသူအသင်းသားများ ကျန်းမာချမ်းသာစေရန်၊ နိုင်ငံသူနိုင်ငံသားများ၏ဘဝ ငြိမ်းချမ်းရွှင်လန်းကျန်းမာစေရန်အတွက် မန္တလေးအသင်း (ရန်ကုန်)က နှစ်စဉ်အစဉ်အလာမပျက် နှစ်ဦးနှစ်သစ်အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို ယမန်နေ့ညနေ ၃နာရီက ကုန်သည်လမ်း အသင်းတိုက် ရတနာပုံခန်းမဆောင်ကြီးတွင် ကျင်းပသည်။

ရှေးဦးစွာရန်ကုန်မြို့လယ်ပန်းဘဲတန်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူကြပြီး ဆရာတော်ဦးဆောင်သော ပင့်သံဃာ ငါးပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်ကို ရွတ်ဖတ်ကြသည်။ ထို့နောက်လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေကာ ပူဇော်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ် နာရီကန်တံတားဖွင့်ပွဲ အခမ်းအနားတွင် မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း(၂၉)စင်းမြောက်နာရီကန်တံတားဖွင့်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မှတ်တမ်းကျောက်စာတိုင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်–စစ်တွေကားလမ်းမကြီးပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၁၀)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် နာရီကန်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသော နာရီကန်တံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈နာရီက အဆိုပါတံတားတည်ရှိရာ စစ်တွေမြို့နယ် နာရီကန်ကျေးရွာအနီးရှိ မဂ်လာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အမှာစကားပြောကြားပြီး မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ရှိသည့် ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးတို့အတွက် အထောက်အကူဖြစ်စေမည့် စီးပွားရေး၊လမ်းပန်းဆက်သွယ်ရေး၊ပညာရေး၊ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် တည်ဆောက်လာခဲ့သည်မှာ ယခုအခါတွင် အတော်ပြည့်စုံနေပြီဖြစ်ကြောင်း။

အကုန်အကျခံတည်ဆောက်ပေး

တစ်ချိန်က လေကြောင်းလမ်းနှင့် ရေကြောင်းလမ်းကိုသာ အဓိက အားထားအသုံးပြုခဲ့ရပြီး သွားလာမှုခက်ခဲသည့် ရခိုင်ပြည်နယ်တွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်အတွက် နိုင်ငံတော်ကလမ်း၊ တံတားများစွာကို ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်တိုင်းများအကြား ဆက်သွယ်သည့် ကုန်းလမ်းဝင်ပေါက်သုံးခုဖြစ်သည့် အမ်း–မင်းဘူးလမ်း၊ တောင်ကုတ်–ပန်းတောင်းလမ်းနှင့် ဂွ–ငသိုင်းချောင်းလမ်းများရှိသော်လည်း ပြည်နယ်အတွင်းပိုင်းနှင့် ဆက်စပ်သွားလာနိုင်သည့် မော်တော်ကားလမ်း မရှိသည့်အတွက် ပြည်နယ်အတွင်း သွားလာမှု အဆင်မပြေဖြစ်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် မော်တော်ကားလမ်းသစ်များ ဖောက်လုပ်ပေးခဲ့ရာ ပထမ ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးကို ၂၀၀၀ပြည့်နှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် ရခိုင်ပြည်နယ်က တိုင်းရင်းသားများအနေဖြင့် စစ်တွေ–မြောက်ဦး–အမ်းကားလမ်းမကြီးမှတစ်ဆင့် မြန်မာပြည်အနှံ့ကို သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ယင်းနောက် ကျောက်ဖြူ–မအီ–တောင်ကုတ်လမ်း၊ မအီ–အမ်းလမ်းတို့ကို အင်တိုက်အားတိုက် ဖောက်လုပ်နေခြင်းကြောင့် တောင်ကုတ်–ပန်းတောင်းလမ်း၊ ဂွ–ငသိုင်းချောင်းလမ်းတို့နှင့် ပေါင်းစပ်လိုက်ပါက နိုင်ငံနှင့်အဝန်း သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ်သည် ခိုင်ခိုင်မာမာ တည်ရှိလာတော့မှာဖြစ်ကြောင်း။

ခိုင်ခိုင်မာမာပေါ်ထွက်လာ

တောင်ကုတ်နှင့်မအီကို အခြေပြုပြီး ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို ရွံ့ညွန်တောများအတွင်း Geotextileနည်းကိုသုံးပြီး ခက်ခက်ခဲခဲ ဖြတ်ကျော်ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း။ အဆိုပါလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပြီး လိုအပ်သည့်တံတားများကိုလည်း တည်ဆောက်ပြီးစီးသွားမည်ဆိုပါက အမ်း–မအီ–ကျောက်ဖြူလမ်း၊အမ်း–မအီ–တောင်ကုတ်လမ်းတို့ ပေါ်ထွက်လာပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်းတို့ကို ဆက်စပ်သည့် ရခိုင်ကမ်းရိုးတန်းလမ်းမကြီးအဖြစ် ပေါ်ထွက်လာတော့မှာဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးသည်လည်း ရန်ကုန်–စစ်တွေလမ်းမကြီးကဲ့သို့ပင် ခိုင်ခိုင်မာမာပေါ်ထွက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် အမ်းမှတစ်ဆင့်၊ တောင်ကုတ်မှတစ်ဆင့်၊ ဂွမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်နိုင်သည့် ဝင်ပေါက်သုံးခုကို အခြေတည်ပြီး လမ်းမကြီးလေးသွယ်သည် မကြာမီအတွင်း တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာတော့မှာဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း၌ လမ်းမကြီးများဖောက်လုပ်မှုနှင့်အတူ လိုအပ်သည့်တံတားတည်ဆောက်မှုလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်အောင် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

၂၉စင်းမြောက်တံတား

ယခုဖွင့်လှစ်သည့် နာရီကန်တံတားသည် ရန်ကုန်–စစ်တွေလမ်းမကြီးပေါ်မှာရှိသည့် မူလတံတားဟောင်းအစား သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ခဲ့သည့် တံတားတစ်စင်းဖြစ်ကြောင်း၊ တံတားအရှည်ပေ ၃၀၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ်၂၄ပေရှိသည့် နှစ်လမ်းသွားတံတားဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် နာရီကန်တံတားသည် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်အနေဖြင့် တည်ဆောက်ခဲ့သည့် ၁၈၃စင်းမြောက် ပေ၁၈၀အထက် တံတားတစ်စင်းဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ၁၇၀စင်းမြောက် တည်ဆောက်ခဲ့သည့်တံတားဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွက်ဆိုလျှင် ၂၉စင်းမြောက်တံတားလည်းဖြစ်ကြောင်း၊ ဤတံတားပြီးစီးမှုသည် ရန်ကုန်–စစ်တွေလမ်းမကြီး၏ ကုန်စည်စီးဆင်းမှုနှင့် လုံခြုံချောမွေ့မှုကို တစ်ဆင့်မြှင့်တင်ပေးခြင်းပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နာရီကန်တံတားကို တာဝန်ယူတည်ဆောက်ပေးသည့် တာဝန်ခံအဆင့်ဆင့်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ အားပေးအထောက်အကူပြုကြသည့် ဒေသခံများအားလည်းကောင်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါဟုမှာကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင်–

ရခိုင်ပြည်နယ်အတွင်းတွင် တည်ဆောက်ပြီး တည်ဆောက်ဆဲနှင့် တည်ဆောက်ရန် လျာထားသော တံတားများအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဤနာရီကန်တံတားအပါအဝင် ဖွင့်လှစ်ပေးခဲ့ပြီး ပေ၁၈၀ အရှည်နှင့်အထက်တံတား ၂၉စင်းရှိပြီဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူ လမ်းပေါ်တွင် နောက်ထပ်တည်ဆောက်နေသည့် လုံးတော်ပေါက်၊ သံသမကြီး၊ သံသမချေ၊ သဇင်တန်ပေါက်နှင့် မင်းကြောင်းချောင်းစသည့် တံတားကြီး ငါးစင်းကိုလည်း အမြန်ပြီးစီးအသုံးပြုနိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်တည်ဆောက်ရန် လျာထားသည့် ဝန်ဖိုက်နှင့် ဆားပြင်တံတားများလည်း ရှိသေးကြောင်း။

ယနေ့ဖွင့်လှစ်ပေးသည့် နာရီကန်တံတားကြီးကို ၂နှစ်နှင့် ၄လအတွင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ရန်ကုန်–စစ်တွေလမ်း ဖွင့်လှစ်စဉ်က ဤတံတားသည် RPTနှင့် ဘေလီတွဲဆက် တည်ဆောက်ထားသည့် တစ်လမ်းမောင်းတံတားတစ်စင်းဖြစ်ခဲ့ကြောင်း၊ ယခုအချိန်တွင် ယာဉ်သွားလာမှု ထူထပ်လာသကဲ့သို့ ဝန်လေးယာဉ်များလည်း ဖြတ်သန်းမှု များလာသဖြင့် လိုအပ်ချက်အရ နှစ်လမ်းမောင်း သံကူကွန်ကရစ် တံတားအဖြစ် အသစ်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဤတံတားဖွင့်လှစ်ပေးနိုင်သည့်အတွက် ရန်ကုန်–စစ်တွေလမ်းအပိုင်းတွင် ယခင်ကထက် ပိုမိုပြီး လုံခြုံချောမွေ့စွာ အသုံးပြုနိုင်တော့မှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ၂၀၀၄ခုနှစ် မတ် ၂၂ရက်က တောင်ကုတ်–မအီ– ကျောက်ဖြူလမ်းမကြီးပေါ်ရှိ ဒီးဒုတ်ပေါက်တံတားကို ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့၍ အရှည်ပေ ၁၈၀ အထက် အခိုင်အမာတံတားကြီး ၂၈စင်းမြောက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ယခုဖွင့်လှစ်လိုက်သည့် နာရီကန်တံတားကြီးသည် ရခိုင်ပြည်နယ်အတွင်း၌ ၂၉စင်းမြောက် အခိုင်အမာတံတားကြီးအဖြစ် မှတ်တမ်းတင်နိုင်ပြီ ဖြစ်ကြောင်း။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့**



ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နာရီကန်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဥရောပအဆင့်ပြိုင်ပွဲကြီးနှစ်ရပ်၏ ဆီမီးဖိုင်နယ်ပထမအကျော့ပွဲများအပေါ် ကြိုတင်ခံစားကြည့်ခြင်း

ဟိန်းသန့်

ရန်ကုန် ဧပြီ ၁၈

ဥရောပကလပ်အသင်းများ၏ ပြိုင်ပွဲကြီးနှစ်ရပ်ဖြစ်သော ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ယူအီးအက်ဖ်အေဖလားပြိုင်ပွဲများမှာ ဆီမီးဖိုင်နယ်အဆင့်သို့ပင် ရောက်လာပေပြီ။ ဒီနှစ်ဥရောပပြိုင်ပွဲနှစ်ရပ်၏ ထူးခြားချက်မှာ နာမည်ကြီး ရေပန်းစားသော အသင်းကြီးများ ဆီမီးအဆင့်သို့ပင် တက်ရောက်နိုင်ခြင်း မရှိကြခြင်းပင်ဖြစ်သည်။ ချန်ပီယံလိဂ်၌ ဗိုလ်စွဲရန်ရေပန်းစားခဲ့သည့် အသင်းကြီးများမှာ ကွာတားအဆင့်၌ပင် အရေးနိမ့်ကုန်ကြသကဲ့သို့ ယူအီးအက်ဖ်အေ၌လည်း အလားတူ အဖြစ်မျိုးကြုံခဲ့သည်ကို တွေ့ရသည်။ ချန်ပီယံလိဂ် ဆီမီးရောက်လေးသင်းဆိုလျှင် ယခုမှဆီမီးဖိုင်နယ်အဆင့်သို့ရောက်ဖူးသော အသင်းများပါနေသလို ယူအီးအက်ဖ်အေဖလားတွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ပြိုင်ပွဲနှစ်ရပ်ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြသည့် အသင်းရှစ်သင်း၌ စပိန်မှ သုံးသင်းဖြင့် အများဆုံးဖြစ်ပြီး အင်္ဂလန်နှင့်ပြင်သစ်တို့မှနှစ်သင်းစီနှင့် ပေါ်တူဂီမှ တစ်သင်း ပါဝင်သည်ကို တွေ့နိုင်သည်။ ပြီးခဲ့သည့် ရာသီက ခြေစွမ်းပြခဲ့ကြသည့် အီတလီအသင်းများမှာမူ ဆီမီးအဆင့်သို့ တစ်သင်းမှမရောက်ခဲ့ပေ။ ထို့အတူ တစ်ချိန်ကနာမည်ကြီး ဂျာမနီအသင်းများ၏အခြေအနေဆိုလျှင် ပို၍ပင်ဆိုးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ဥရောပဘောလုံးအင်အား ချိန်ခွင်လျှာမှာ၎ရာသီ၌ အီတလီ၊ ဂျာမနီတို့ဖက်မှ အင်္ဂလန်၊ ပြင်သစ် အသင်းများဖက်သို့ယိမ်းယိုင်ခဲ့ပြီလားဟု ထင်စရာဖြစ်ခဲ့ရသည်။ လောလောဆယ် အနေအထားများအရမူ ဥရောပဘောလုံးလောကကို စပိန်အသင်းများသာ လွှမ်းမိုးထားဆဲဟု ဆိုနိုင် ကြောင်းလည်း ပြိုင်ပွဲနှစ်ရပ်၏ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်အသင်းသုံးသင်းဖြင့်အများဆုံးတက်ရောက်နိုင်ခြင်းက ပြဆိုလျက်ရှိနေသည်။

ပြိုင်ပွဲနှစ်ရပ်၏ ဆီမီးဖိုင်နယ်ပွဲများအဖြစ် ဧပြီ၂၀ရက်နှင့်၂၁ရက်များ၌ ချန်ပီယံလိဂ်နှင့် ဧပြီ၂၂ရက်၌ ယူအီးအက်ဖ်အေဖလားပွဲများကို ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်၌ မိုနာကို (ပြင်သစ်)နှင့် ချယ်လ်ဆီး(အင်္ဂလန်)၊ ပေါ်တို(ပေါ်တူဂီ)နှင့် ဒီပို့တီဗိုလာကို ရူညာ(စပိန်)အသင်းများ ထိပ်တိုက်ရင်ဆိုင်ကြရမည်ဖြစ်သည်။ ယူအီးအက်ဖ်အေပွဲ၌မူ နယူးကာဆယ်(အင်္ဂလန်)နှင့် အိုလံပစ်မာဆေး(ပြင်သစ်)၊ ဗလန်စီယာ(စပိန်)နှင့် ဗီလာရီးရဲ(စပိန်)အသင်းများ အသီးသီးရင်ဆိုင်ကြရမည်ဖြစ်ရာ တစ်သင်းနှင့် တစ်သင်းခြေမကွာကြသဖြင့် အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းမည့်ပွဲများဖြစ်လာဖို့များနေသည်။ မည်သည့်အသင်းက အသာစီးရပြီး ဗိုလ်လုပွဲရောက်သွားမည်ဟု ခန့်မှန်းရသည်မှာလည်း ခပ်ခက်ခက်။ ဤလိုအဆင့်မျိုး၌ အသင်းတိုင်းအိမ်ရှင်ဆိုသည့်အရှိန်ကိုအများဆုံးအားကိုးယူလေ့ရှိကြရာ ညီ့သည် အသင်းများထဲမှ အဝေးကွင်း၌ ရလဒ်ကောင်းအောင် ကစားနိုင်သောအသင်းများက တစ်ပန်းသာသွားလိမ့်မည်ထင်သည်။ ပြိုင်ပွဲနှစ်ရပ်၏ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲများအပေါ် ကြိုတင်ရင်ခုန်ခံစားကြည့်လိုက်မိပါသည်။

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပထမအကျော့

၂၀-၄-၂၀၀၄ မိုနာကို - ချယ်လ်ဆီး

နှစ်သင်းစလုံး ရေပန်းစားနေသော အသင်းကြီးများကို ဖြိုနိုင်ခဲ့ကြ၍ စိတ်အားတက်ကြွနေနိုင်သည်။ နှစ်သင်းစလုံး ခြေစွမ်းချင်းကလည်း မတိမ်းမယိမ်း၊ မိုနာကိုအိမ်ကွင်း ခြေစွာလွန်းသလို ချယ်လ်ဆီး၏အဝေးကွင်းရလဒ်များကလည်း အနိုင်ရာနှုန်းပြည့်၊ သည်တော့ ယခုပွဲမှာ အကြိတ်အနယ်နှင့် ကြည့်ကောင်းမည့်ပုံရှိသည်။ မိုနာကိုမှာ အိမ်ရှင်ဖြစ်နေပြီး သည်ပွဲ၌ လူစုံနိုင်သည်။ စာရွက်ပေါ်မှ လူစာရင်း၌ ချယ်လ်ဆီးကို မမီနိုင်သော်လည်း အသင်းလိုက်စုစည်းညီညွတ်မှုနှင့် အနိုင်ရလိုစိတ်များက ချယ်လ်ဆီးထက် ပိုပြင်းထန်နေနိုင်သည်။ အထူးသဖြင့် အိမ်ကွင်း၌ မိုနာကို၏ တိုက်စစ်ကစားပုံက ပြင်းထန်သည်။ လျင်မြန်မှုရှိသည်၊ တိကျသည်။ အထူးသဖြင့် အသင်းခေါင်းဆောင်ဂူလီ ဦးဆောင်သည့် မိုနာကိုတိုက်စစ်ဒဏ်ကို တော်ရုံအသင်း၏ ခံစစ်ကြောင်းတောင့်ခံနိုင်ဖို့ မလွယ်လှ။ သို့သော် ခံစစ်ကတော့ သာမန်လောက်သာရှိသည်။ ဆက်ဗီလာဆီ ပြန်ကစားနိုင်ပြီလား၊ ဆက်ဗီလာဆီ မရှိပါက မိုနာကို ခံစစ်ကို သိပ်စိတ်မချရ။

ချယ်လ်ဆီးကလည်း အဝေးကွင်းရလဒ်ကောင်းလွန်းသည့်အသင်းဖြစ်သည်။ ထို့အပြင် ယခုပွဲမှာချယ်လ်ဆီး နည်းပြ ရေနီယာရီ အတွက်လည်း သိပ်ကိုအရေးပါနေသည်။ ချယ်လ်ဆီး အမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်က ရေနီယာရီကို တစ်ချက်ထောက်ထားသည်။ ယခုပွဲပြီးမှ ရေနီယာရီ၏ ရှေ့ရေးကို ဆွေးနွေးဖို့ ကြံစည်ထားသည်။ ထို့ကြောင့် ယခုပွဲမှာ ရေနီယာရီနှင့် ချယ်လ်ဆီး ရှေ့ရေးအတွက် အရေးပါနေသည်။ ရေနီယာရီ တစ်ယောက် သူ့ရှေ့ရေးကောင်းဖို့ သည်ပွဲကို ကောင်းကောင်းပြင်ဆင် ပြမည့်ပုံ ပေါ်သည်။ ချယ်လ်ဆီးအတွက် တစ်ခုအားသာသည်က ချယ်လ်ဆီးခံစစ်၌ ပြင်သစ်သားများပါနေခြင်းဖြစ်သည်။ ပြင်သစ်အသင်းများ၏အကြောင်း ပြင်သစ်မြေ၏ အထာကို အဆိုပါ ပြင်သစ်သားများကောင်းကောင်း သဘောပေါက် နေနိုင်သည်။ ထို့အပြင် ချယ်လ်ဆီး အနေဖြင့် ချန်ပီယံလိဂ် တစ်ခုတည်းသာ အာရုံစိုက်ခွင့်ရထားချိန်၌ မိုနာကိုမှာ ပြင်သစ်ပထမတန်းချန်ပီယံဘွဲ့အတွက် လီယွန်နှင့် အပြိုင်ဖြစ်နေ၍ အာရုံနှစ်ခွဖြင့် ဗျာများနေနိုင်သည်။ ယင်းအချက်က ချယ်လ်ဆီးအတွက် အခွင့်အလမ်းတစ်ပန်းသာနိုင်သည့်အချက်ပင် ဖြစ်သည်။ ထို့အပြင် ချယ်လ်ဆီး၏ ကစားပုံကလည်း ချန်ပီယံလိဂ်၌ခံစစ်ကို သတိထားပြီးမှ တိုက်စစ်ကို ကစားလေ့ရှိသည်။ အထူးသဖြင့် တောင်ပံတွေမှတန်ပြန်တိုက်စစ် ပြန်ကစားပုံကောင်းမွန်ရာ အိမ်ကွင်း၌တိုက်စစ်ကို မဲကစားတတ်သည့် မိုနာကို အတွက် သတိထားရမည့်ပွဲပင်ဖြစ်သည်။ ချယ်လ်ဆီးသာ ဂူလီကိုထိန်းချုပ်သွားနိုင်ပြီဆိုပါက သည်ပွဲ၌ မိုနာကိုမျှော်လင့်ချက်နည်းသွားနိုင်သည်။ လက်ရှိ အခြေအနေများအရ ချယ်လ်ဆီးကို ပိုအကြိုက်တွေ့မိသည်။



ဥရောပချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ ဒီပို့တီဗိုက အေစီမီလန်ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲတွင် အေစီမီလန်မှ ဆီးဒေါ့ဖ်အား ဒီပို့တီဗိုမှပါဘလိုက ဖျက်ထုတ်ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၁-၄-၂၀၀၄ ပေါ်တို - ဒီပို့တီဗို

နှစ်သင်းလုံး ကစားပုံဆင်ကြသည်။ သို့ရာတွင် သည်နှစ်သင်းအနက် ဒီပို့က ချန်ပီယံလိဂ်အတွေ့အကြုံပိုဝသည်။ ပိုကစားတတ်သည်။ ပေါ်တိုမှာ အိမ်ကွင်း အားသာချက်ရှိသော်လည်း ကစားသမားအများစုမှာ အတွေ့အကြုံနည်းကြသည်။ အထူးသဖြင့် ခံစစ်ကစားပုံချင်း ကွာသည်။ ဒီပို့ခံစစ်ကို ကွင်းလယ်က ပိုအားဖြည့်ပေးနိုင်၍ ဒီပို့ခံစစ်က ပိုမာသည်။ သို့သော်လည်း ခက်နေသည်က ဒီပို့၏သည်ရာသီ အဝေးကွင်းကစားပုံဖြစ်သည်။ အဝေးကွင်း၌ ဒီပို့ကစားပုံမှာ ပျက်သွားတတ်သည့် အကျင့်ရှိရာ ပေါ်တိုတို့အိမ်ရှင်အရှိန်ဖြင့် ဖိအားပေးကစားမည့်ပုံရှိသည်။ ဒီပို့မှာမူ ခံစစ်ဖြင့်ထိန်းရင်း တန်ပြန်တိုက်စစ်ဖြင့်သာ ပေါ်တိုကို တန်ပြန်မည့်ပုံရှိသည်။ ဒီပို့၏တန်ပြန် တိုက်စစ်မှာ ထိရောက်မှုရှိရာ အထူးသဖြင့် ပေါ်တို၏ ခံစစ်ညာခြမ်းမှာ ဒီပို့မှ လုကေး၏ တန်ပြန်တိုက်စစ်ကို သတိထားရမည့်ပုံရှိနေသည်။ ထို့အပြင် ဒီပို့ကွင်းလယ်မှာလည်းတစ်ဖက်အသင်း၏ ကစားကွက်ကို ခပ်မာမာ ခပ်ကြမ်းကြမ်း ဖျက်ဆီးကစားတတ်လေ့ရှိရာ ပေါ်တို၏ကွင်းလယ်ဖန်တီးရှင် ဒေကိုတစ်ယောက်ကစားရခက်မည့်ပုံရှိနေသည်။ ပေါ်တိုအသင်းအနေဖြင့် ဘောလုံးကို ခြေထဲကစားတတ်သည့် အသင်းအချင်းချင်းတွေ့တိုင်း ကစားပုံလျော့သွားလေ့ရှိရာ ဒီပွဲတွင် ဒီပို့တို့ အသာစီးရသွားမည့် ရာခိုင်နှုန်းက များလိမ့်မည်ထင်သည်။ အခြေအနေများအရ သရေကျဖို့များလျက်ရှိပြီး နိုင်လျှင်တော့ ဒီပို့ပဲဖြစ်လိမ့်မည်ထင်သည်။

ယူအီးအက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပထမအကျော့

၂၂-၄-၂၀၀၄ နယူးကာဆယ် - မာဆေး

နယူးကာဆယ်အတွက် ဘော်ဘီရော့ဘ်ဆင်လက်ထဲ၌ အမြင့်ဆုံး အောင်မြင်မှုဟုဆိုရမည်။ ယခုလို ဆီမီးအထိရောက်လာခြင်းမှာ နည်းပြကြီး ရော့ဘ်ဆင်၏အတွေ့အကြုံတွေက အများကြီး စကားပြောသွားသည်။ နယူးကာဆယ် အနေဖြင့် အိမ်ကွင်း ကစားပုံကောင်းသည်။ အထူးသဖြင့် နယူးကာဆယ်၏ အမြောက်ဘော တိုက်စစ်များထိရောက်မှုရှိသလို ရှီးယားရားကလည်း ငယ်မူငယ်သွေးပြနေသည်။ အသင်း၌ လူလည်းပြန်ဆုံနေရာ မာဆေးအတွက် အင်္ဂလန်မြေ၌ နောက်ထပ် အစမ်းသပ်ခံရမည့် ပွဲတစ်ပွဲဖြစ်လာသည်။ မာဆေး အနေဖြင့် ဒီရာသီ၌ အင်္ဂလန်အသင်းများနှင့် သိပ်မစိမ်း၊ လီဗာပူးကို ဆုံခဲ့ ဖြိုခဲ့ပြီးဖြစ်ရာ အင်္ဂလန်အသင်းတစ်သင်းကို မည်သို့ တုံ့ပြန်ရမည်ကို သဘောပေါက်နေနိုင်သည်။ ထို့အပြင် အီတလီမြေ၌ အီတလီအသင်းတစ်သင်းကို ပထမဦးဆုံး အနိုင်ကစားနိုင်ခဲ့သည့် ပြင်သစ်အသင်းတစ်သင်းအဖြစ် ဂုဏ်ယူဖွယ် စံချိန်လည်းတင်ထားနိုင်ရာ စိတ်ဓာတ်အပိုင်း၌ မာဆေး အသာစီး၌ရှိနေနိုင်သည်။ ထို့အပြင် မာဆေး၏ အဝေးကွင်း ခံစစ်ကစားပုံ၊ ဂိုးသမား

ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ချယ်လ်ဆီးက အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်မှု မြင်ကွင်း။ (ဓာတ်ပုံ-အင်တာနက်)

ဘားသက်၏ အင်္ဂလန်အသင်းများ၏ တိုက်စစ်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိခဲ့ပုံတို့ကလည်းယခုပွဲ၌ နယူးကာဆယ်အတွက်အနိုင်ကို အာမမခံနိုင်သော ပွဲမျိုးဖြစ်နေသည်။ မာဆေး၏ တိုက်စစ်၌ ဒရော့ဘာ ပြန်ကစားနိုင်ခြင်းကလည်း သိပ်စိတ်မချရသည့် နယူးကာဆယ်ခံစစ်ကို စိုးရိမ်စရာ အခြေအနေမျိုးဖြစ်စေနိုင်ရာယခုပွဲကို မာဆေးသရေ(သို့)အနိုင်ဟု ခန့်မှန်းထားရမလိုဖြစ်သည်။

ဗလန်စီယာ - ဗီလာရီးရဲ

စပိန်နှစ်သင်း အချင်းချင်းလာဆုံနေကြသည်။ ဗလန်စီယာမှာလာလီဂါနှင့် ယူအီးအက်ဖ်အေ နှစ်ခုနှင့် အာရုံများနေချိန်၌ ဗီလာရီးရဲမှာမူ ယူအီးအက်ဖ်အေ၌သာ အာရုံပြည့်ပုံအပ်ထားသည်။ ထို့ကြောင့်လည်း ဥရောပအဆင့်ပြိုင်ပွဲကြီးတစ်ခုသို့ အင်တာတိုတိုမှတစ်ဆင့် ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယခုလို ဆီမီးအဆင့်သို့ တက်နိုင်ခဲ့သည်က ဗီလာရီးရဲအနေဖြင့် သည်ပွဲအပေါ် မည်မျှအလေးထားနေကြောင်း တွေ့နေရသည်။ ဗလန်စီယာမှာမူ ထိုသို့မဟုတ် ယူအီးအက်ဖ်အေထက် လာလီဂါဘက်ကို ပိုမိုအာရုံစိုက်ထားသည်။ ယူအီးအက်ဖ်အေ၌ အရန်လူအများစုကို ပွဲထုတ်ပြီးကစားလေ့ရှိသည်။ ထိုပုံစံမျိုးဖြင့် ယခုပွဲကိုနွှဲခဲ့ပါက ဗလန်စီယာလွယ်မည်မထင်မိ။ ဗီလာရီးရဲမှာ ပြိုင်ပွဲတစ်လျှောက် မာကျောသော ဂါလာတာဆာရေး၊ ရိုးမား၊ ဆဲလ်တစ် စသောအသင်းများကို ကျော်ဖြတ် ပြထားသည့် အသင်းဖြစ်ရာ ဗလန်စီယာသာ ဗီလာရီးရဲကို ပေါ့ပေါ့ဆဆ ရင်ဆိုင်မိပါက ဒုက္ခများသွားနိုင်ဖွယ် ရှိပေသည်။ ဗလန်စီယာ၏ အိမ်နီးချင်း ဗီလာရီးရဲမှာမူ ဗလန်စီယာကို မက်စ်တဲလား၌ အတတ်နိုင်ဆုံး ကြိုးစားရင်ဆိုင်ရန် တစ်သင်းလုံး ဆုံးဖြတ်ထားရာ လာလီဂါ၌ မက်စ်တဲလားတွင် ဆုံခဲ့စဉ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူထားသော ဗလန်စီယာသည် တစ်ချီ ယူအီး အက်ဖ်အေတွင်တော့ လွယ်မည်မထင်ပေ။ သရေကျဖို့ရန် များသည့်ပွဲဟု ထင်မိသည်။ ။ **(မြန်မာ့အလင်း)**

စာမျက်နှာ (၁၂) မှ

အတားအဆီးသဖွယ်ဖြစ်ပေါ်ခဲ့

မိမိတို့ ရခိုင်ပြည်နယ်၏ ရေမြေအနေအထားမှာ အနောက်ဘက်တွင် ပင်လယ်ပြင်နှင့်အရှေ့ဘက် ရိုးမတောင်တန်းကြီးများအကြား မြောက်မှတောင်သို့ အလျားလိုက် သွယ်တန်းနေသည့် ကျဉ်းမြောင်းသော ကမ်းရိုးတန်းဒေသဖြစ်ကြောင်း၊ တောတောင်များ၊ မြစ်ချောင်းများ၊ ရွံ့ညွန်များ၊ ဒီရေတောများ၊ ကျွန်းကြီး ကျွန်းငယ်များနှင့် မြေပြန့်လွင်ပြင်များဖြင့် ဆက်စပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း ဒေသတစ်ခုနှင့်တစ်ခုဆက်သွယ်ရေး ခက်ခဲခဲ့သလို အခြားပြည်နယ်၊ တိုင်းများနှင့်လည်း ရခိုင်ရိုးမတောင်တန်းကြီးကြောင့် အတားအဆီးသဖွယ် ဖြစ်ပေါ်နေခဲ့ကြောင်း။

ထို့ကြောင့် ပြည်မဆက်သွယ်ရာတွင်လည်းကောင်း၊ ပြည်နယ်အတွင်း ဆက်သွယ်ရာတွင်လည်းကောင်း လမ်းကြောင်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး အတွက်ရခိုင်ပြည်နယ်အတွင်းပေါ်များလှသည့် မြစ်ချောင်း၊ တောင်တန်းများကို ဖြတ်ကျော်ပြီး အခက်အခဲများကိုကျော်လွှားကာ ကားလမ်းများ၊တံတားများဖောက်လုပ်တည်ဆောက်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ တံတားတည်ဆောက်ပြီးစီးခဲ့သည့်အတွက် ရခိုင်ပြည်နယ်၏ ပညာရေး၊ကျန်းမာရေး၊ဖွံ့ဖြိုးတိုးတက်ရေးအပြင် စိုက်ပျိုးရေး၊မွေးမြူရေး၊ ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများ၌ အထောက်အကူပြုလာနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူးဗိုလ်ချုပ်မောင်ဦးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က နာရီကန်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နာရီကန်တံတားမှတ်တမ်းကျောက်စာတိုင်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

နာရီကန်တံတားမှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းမကြီး မိုင်တိုင် ၁၉၃မိုင် ၂ဖာလုံတွင်တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်သည်။ တံတားအရှည်ပေ ၃၀၀ ယာဉ်သွားလမ်းအကျယ် ၂၄ပေဖြစ်သည်။ သုံးပေစီအကျယ်ရှိ လူသွားလမ်းများလည်းရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၄၈ပေ၊ အမြင့် ကိုးပေဖြစ်သည်။ ခွင့်ပြုယာဉ်တန်ချိန်မှာ မော်တော်ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်ပြီး နှစ်လမ်းမောင်းတံတားဖြစ်သည်။ တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၁၀)က ၂၀၀၁ခုနှစ် နိုဝင်ဘာ ၉ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

19-4 (13).p65 1 3/24/05, 10:46 AM

မေ ၁၈ရက်က အာရှဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်း မောင်မယ်များအား အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့်အတူ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

အာရှတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ မလေးရှားသို့ထွက်ခွာ

ရန်ကုန် မေ ၁၈

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၂၀၀၄ခုနှစ် မေ၂၀ရက်မှ ၂၅ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၀၄ခုနှစ် အာရှတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာကြက်တောင်အားကစားအဖွဲ့သည် ယနေ့နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာသွားရာ မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ကြက်တောင်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးရော်ဘင်တင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်)၊ ကစားသမားများအဖြစ် လွင်အောင်၊ ရဲမင်းအောင်၊ သံလွင်အောင်၊ ပြည်ကျော်၊ ခင်သန္တာဌေးနှင့် လှိုင်မွန်ကြူတို့ လိုက်ပါသွားကြသည်။ **(က-ပ)**

အာရှဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာပိုက်ကျော်ခြင်းမောင်မယ်များပါဝင်ဆင်နွှဲကြမည်

ရန်ကုန် မေ ၁၈

ထိုင်းနိုင်ငံတွင် မေ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ၂၀၀၄ ခုနှစ် အာရှဖိတ်ခေါ်ပိုက်ကျော်ခြင်း ပြိုင်ပွဲကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ အမျိုးသားလေးသင်း၊ အမျိုးသမီး နှစ်သင်း ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

မြန်မာအားကစားတိုးတက်မြင့်မားရေး၊ပိုက်ကျော်ခြင်းအားကစားတိုးတက်မြင့်မားရေးအတွက် အားကစားဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်(ဒေါင်အုပ်စု ကုမ္ပဏီလီမိတက်) ခေါင်းဆောင်သော အမှုဆောင်အသစ်မှ အနီးကပ် ကြပ်မတ်ဆောင်ရွက်ပြီး ပံ့ပိုးမှုများနှင့်အတူ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်မှုရရှိရန်အတွက် ယခုကျင်းပမည့် အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်မိမိကလေးများ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံများများ ရရှိရန်ရည်ရွယ်၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း နည်းဥပဒေများကို လေ့လာရန်အတွက် ရည်ရွယ်ချက်များထားရှိပြီး သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အမျိုးသား အသင်းအုပ်ချုပ်သူများအဖြစ် ဦးခင်မောင်နီ (လယ်/ဆည်)၊ တွဲဖက်အုပ်ချုပ်သူများအဖြစ်အမှုဆောင် ဦးမိုးဆန်းအောင်(ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်)နှင့် ဗိုလ်ကြီးကျော်ဇင်မိုး (တပ်မတော်လေ)က လည်းကောင်း၊ နည်းပြအဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မိုး (ပို့ဆောင်ရေး) နှင့်တပ်ကြပ်သန်းဇော်ဦး (တပ်မတော်လေ) ကလည်းကောင်း၊ အမျိုးသမီး အသင်းအုပ်ချုပ်အဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင် ဒုတိယရဲမှူးကြီးကိုကိုအောင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)ကဆောင်ရွက်ပြီး တွဲဖက်အုပ်ချုပ်သူအဖြစ် ဦးဖြိုးဝေထက် (မြို့တော်စည်ပင်)၊ နည်းပြအဖြစ် ရဲအရာခံသန်းလွင် (ရန်ကုန်တိုင်းရဲတပ်ဖွဲ့)က ဆောင်ရွက်ကြမည်ဖြစ်သည်။

သတင်းဆောင်းပါး-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပါဝင်ယှဉ်ပြိုင်

အမျိုးသားအသင်းတွင် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိသူ လူဟောင်း (လက်ရွေးစင်ဟောင်း) ၁၄ဦးနှင့် လူသစ်ခြောက်ဦး ပေါင်း၂၀ ပါဝင်ယှဉ်ပြိုင်ကြမည်။

လူဟောင်းဝါရင့်အားကစားသမားများမှာ နောက်ခံလူ(နောက်ထိန်း)များအဖြစ် မြို့တော်စည်ပင်မှ လင်းလင်းလတ်၊ သန်းစိန်ထွေးနှင့် ဖြိုးဝေလွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောင်ဟိန်း၊ သစ်တောမှ ဇော်ဇော်ထက်၊ ဘယ်အတွင်းလူ(ပင့်ထောင်)သူများအဖြစ် လယ်/ဆည်မှ ဥက္ကာစိုးနှင့် အောင်မျိုးစံမြင့်၊ သစ်တောမှ ကျော်ဇေယျနှင့် ခိုင်မင်းစိုး၊ မြို့တော်စည်ပင်မှ သိန်းဇော်မင်း၊ ညာအတွင်းလူ ရိုက်ခုတ်သူ (ဖိုက်တာ)များအဖြစ် လယ်/ဆည်မှ မောင်မောင်နှင့် စောတင်မိုး၊ သစ်တောမှ ကျော်မင်းစိုး၊ မြို့တော်စည်ပင်မှ အောင်ချိုမြင့်တို့ ပါဝင်ကြသည်။

လူသစ်အားကစားသမားများမှာ နောက်ခံလူ(နောက်ထိန်း)များအဖြစ် အား/ကာသိပ္ပံ(ရန်ကုန်)မှ ရာဇာထွန်း၊ ပို့ဆောင်ရေးမှ ဟန်စိုးထွန်း၊ ညာအတွင်းလူ ရိုက်ခုတ်သူ(ဖိုက်တာ)များအဖြစ် လယ်/ဆည်မှ ဇော်ဇော်အောင်၊ ပို့ဆောင်ရေးမှ မြတ်သီဟထူး၊ မြို့တော်စည်ပင်မှ ကျော်ကျော်အောင်နှင့် ရထားမှ ဇော်လတ်တို့ ပါဝင်ကြသည်။

အမျိုးသမီးအသင်းတွင် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိသူ လူဟောင်း(လက်ရွေးစင်ဟောင်း)ကိုးဦးနှင့် လူသစ်တစ်ဦး စုစုပေါင်း ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

လူဟောင်း(လက်ရွေးစင်ဟောင်း)များမှာ နောက်ခံလူ(နောက်ထိန်း) အားကစားသမားများအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စန်းစန်းဌေး(၂)၊ ပို့ဆောင်ရေးမှ ကြူကြူသင်း၊ မြို့တော်စည်ပင်မှ ခင်နုနုဖြိုး၊ ဘယ်အတွင်းလူ (ပင့်ထောင်)သူများအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စန်းစန်းဌေး(၁)၊ မြို့တော်စည်ပင်မှ မာမာဝင်းနှင့် နိုင်နိုင်ဝင်း၊ ညာအတွင်းလူ(ဖိုက်တာ)များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စန်းစန်းဌေး(၁) နှင့် ခင်အေးမော်၊ မြို့တော်စည်ပင်မှ မေဇင်ဖြိုးတို့ဖြစ်ပြီး တစ်ဦးတည်းသော လူသစ်အားကစားသမားမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အိသဉ္ဇာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အောင်နိုင်ရေးလေ့ကျင့်

အဆိုပါ ပိုက်ကျော်ခြင်းအားကစား မောင်မယ်များအား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အနီးကပ် ကြပ်မတ်ဆောင်ရွက်ပြီး ပံ့ပိုးမှုပေးခြင်း၊ နည်းပြများ၏ အားကြိုးမာန်တက် ဆောင်ရွက်မှုပေးပြီး သင်္ကြန်ကာလ အတွင်းမှာပင် နားရက်မရှိဘဲ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းအတွင်း နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အောင်နိုင်မှုရရှိရေးအတွက် အပြင်းအထန် လေ့ကျင့်လျက်ရှိသည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် မေ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြမည်ဖြစ်ကြောင်းသိရသည်။ ။**(မြန်မာ့အလင်း)**

ပရီမီယာရှစ်ပွဲစဉ်(၃၄) ဆက်လက်ကျင်းပ အာဆင်နယ်ဂိုးပြတ်နိုင်၊ မန်ယူအသင်းရှုံးပွဲကြုံရပြန်

ရန်ကုန် မေ ၁၈

အင်္ဂလန်ပရီမီယာရှစ် ပွဲစဉ် (၃၄)ကို မေ ၁၆ရက်နှင့် ၁၇ရက်များတွင် ဆက်လက်ကျင်းပရာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေသော အာဆင်နယ်က လီဒ်စ်ကိုငါးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အမှတ်ပေးချန်ပီယံဆုနှင့် လက်တစ်ကမ်းအလိုသို့ ရောက်ရှိသွားသည်။

အာဆင်နယ်အသင်းသည် ယခုပွဲအနိုင်ရရှိသဖြင့် ဒုတိယလိုက်နေသော ချယ်လ်ဆီးထက် ၉ မှတ်ကွာနေပြီး တတိယနေရာမှ မန်ယူထက် ၁၃မှတ်ပြတ်နေသည်။ အာဆင်နယ်အသင်းသည် ပထမအကျော့၌ လီဒ်စ်အား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သလို ယခုပွဲ၌လည်း ဂိုးပြတ်သွင်းယူခဲ့သည်။ အာဆင်နယ်အတွက် တိုက်စစ်မှူး အွန်နရီ တစ်ဦးတည်းက လေးဂိုးသွင်းယူခဲ့ရာ ပရီမီယာရှစ်၏ ဂိုးသွင်းဘုရင်ဖြစ်ရန်သေချာနေသည်။

ပို့စ်မောက်ကွင်း၌ယှဉ်ပြိုင်ကစားသောပွဲတွင် အိမ်ရှင် ပို့စ်မောက်က မန်ချက်စတာယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ပို့စ်မောက်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို စတိစတုန်းက ၃၆ မိနစ်တွင် သွင်းယူသည်။ မန်ယူသည် ပရီမီယာရှစ်၌ ချန်ပီယံဆုမျှော်လင့်ချက်ကုန်ဆုံးနေပြီဖြစ်ရာ အက်ဖ်အေဖလားရရှိရေးကိုပင် အာရုံစိုက်ရတော့မည်ဖြစ်သည်။

ပွဲစဉ် (၃၄)တွင် သရေပွဲများရှိခဲ့ရာ ချာလတန်နှင့်ဘာမင်ဂမ် တစ်ဂိုးစီသရေ၊ ချယ်လ်ဆီးနှင့်အဲဗာတန် ဂိုးမရှိသရေ၊ လီဗာပူးနှင့်ဖူဟမ်ဂိုးမရှိသရေတို့ဖြစ်ခဲ့ကြသည်။

ကျန်ပွဲစဉ်များတွင် ဘလက်ဘန်းက လက်စတာကို တစ်ဂိုး-ဂိုးမရှိ၊ ဘော်လတန်က တော့တင်ဟမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆောက်သမ်တန်က မန်စီးတီးကို သုံးဂိုး-တစ်ဂိုး၊ ဝုလ်ဗာဟမ်တန်က မစ်ဒယ်ဘရော့ကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့်အနိုင်ရရှိခဲ့ကြသည်။

(မြန်မာ့အလင်း)

Home Distribution Group
Ready Made Floor
High - tech of Germany
Decorative Wall Covering
High - tech of Italy
(Office & Show Room)

နိုင်ငံခြားပြန် ဆရာကြီး ဦးမင်းဆွေအောင်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာနမှ မှတ်တမ်းတင်ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော မြန်မာ နိုင်ငံ၏ အတာသင်္ကြန်ပွဲတော်ကို ရုပ်မြင်သံကြား မှတ်တမ်းတင်ရိုက်ကူးထုတ်လွှင့်ပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟို ရုပ်မြင်သံကြားဌာန(Chima Central Television-CCTV)မှ Producer, Ms. Wang Xian ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦးပါမှတ်တမ်းတင်ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့သည် ဧပြီ၁၅ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာနမှ မှတ်တမ်း တင် ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့နှင့် အတူ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ လည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ဓါတ်ပုံ) (သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ပုဂံ–ညောင်ဦးရှိ တန်ခိုးကြီးဘုရားများကြည်ညိုပြီး ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၁၈

မြန်မာ–ဖိလစ်ပိုင်ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာဒိုမင်ဂိုအယ်လ်ဘတ် ခေါင်းဆောင် သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၄ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ပုဂံ–ညောင်ဦးမြို့သို့ရောက်ရှိကြပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှုမြို့တော်ရှိ တန်ခိုးကြီး ဘုရားစေတီများကို လှည့်လည်ကြည်ညို ကြကာ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်သို့ ဝင်ရောက်ကြည့်ရှုလေ့လာခဲ့ကြ သည်။

ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ပုဂံ–ညောင်ဦးမြို့မှ လေကြောင်း ခရီး ဖြင့်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြ သည်။

ပြန်လည်ထွက်ခွာ

ယင်းနောက်ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာ ဒိုမင်ဂိုအယ်လ်ဘတ် ခေါင်းဆောင် သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွား ကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာ ဒိုမင်ဂိုအယ်လ်ဘတ်နှင့် အဖွဲ့ဝင်များ အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင် ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ဦးသောင်းထွန်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊မြန်မာနိုင်ငံဆိုင်ရာဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် ဖိုဘီ အေဂိုမက်ဇ်နှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်း ရရှိသည်။**(အပေါ်ယာပုံ) (သတင်းစဉ်)**

ဂုဏဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ကျင်းပ

ရန်ကုန် ဧပြီ ၁၈

ဖျာပုံမြို့ မဟာပုညာရာမ ထန်းပင် ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက သာသနဓဇဓမ္မာစရိယ နိုင်ငံ တော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာ တော် ဘဒ္ဒန္တ ဝေပုလ္လ အရှင်သူမြတ်၏ ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနား ကို ၁၃၆၆ခုနှစ် မြန်မာနှစ်ဆန်း၂ရက် ဧပြီ ၁၈ရက်နေ့တွင် အဆိုပါကျောင်း တိုက်၌ ကျင်းပသည်။

ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်း အနားကို ဖျာပုံခရိုင် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွဋ်က ဦးဆောင်၍ တပည့် ဒါယကာ၊ ဒါယိကာမများက ဆရာတော်၏ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ထပ်ဆင့် ချီးကျူး ဂုဏ်ပြုပူဇော်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သာသနာတော် ဆိုင်ရာ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံယူသည့်ဘဒ္ဒန္တဝေပုလ္လအား ထပ်ဆင့်၍ ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ဆင်ယင် ကျင်းပခြင်းဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ညောင်တုန်းမြို့ ရေနံဓာတ်ငွေ့ရည်စက်ရုံစစ်ဆေး လုပ်ငန်းခွင်အလိုက် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာကြိုးပမ်းရန်မှာကြား

ရန်ကုန် ဧပြီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးသည် စွမ်းအင်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းက ညောင်တုန်းမြို့ ရေနံဓာတ်ငွေ့ရည်စက်ရုံသို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စက်ရုံ မှူး ဦးကြည်စိန်နှင့် တာဝန်ရှိသူများ က စက်ရုံရှင်းလင်းဆောင်၌ စက်ရုံ လည်ပတ်နိုင်ရေးအတွက် နိုင်ငံခြား သားပညာရှင်များနှင့် တွဲဖက်ဆောင် ရွက်နေမှုများ၊ လျှပ်စစ်မီးရရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက ပြည်ပကုမ္ပဏီ များနှင့် နှစ်ဖက်သဘောတူစာချုပ်ပါ အတိုင်း ကိုက်ညီအောင်စစ်ဆေးဆောင် ရွက်ရန်၊ လျှပ်စစ်မီး မပြတ်တောက် စေရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန်၊စက်ရုံဝန်ထမ်း များအနေဖြင့်လုပ်ငန်းခွင်အလိုက်အမှန် တကယ်ကျွမ်းကျင်တတ်မြောက်အောင် လေ့လာ ကြိုးပမ်း ဆောင်ရွက်ကြရန် တို့ကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ် ငန်း ပန်းတနော်မြို့နယ်ပျဉ်တုံးကလေး ကျေးရွာအနီးရှိအစမ်းတွင်းတူးဖော်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ဒုတိယ ဝန်ကြီးနှင့်အဖွဲ့အားညွှန်ကြားရေးမှူး (ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေး) ဦးကျော်လှိုင်၊ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးစိန် ဝင်းတို့ကအစမ်းတွင်းအမှတ်(၁)ဆောင် ရွက်နေမှု၊ အမှတ်(၂)နှင့် အမှတ်(၃)တို့ အတွက် မြေသားလုပ်ငန်းများ ပြုပြင် ထားရှိမှု၊ တူးဖော်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောက်ရှိမည့် အခြေအနေ၊ ယာယီအဆောက်အအုံများဆောက်လုပ် နေရာချထားမှုတို့ကိုရှင်းလင်း တင်ပြ သည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်၏ လျင်မြန်စွာတိုးတက်လာသောစွမ်းအင် အသုံးပြုမှုနှင့်လိုအပ်ချက်ကိုဖြည့်ဆည်း နိုင်ရေးအတွက်တူးဖော်ရေးလုပ်ငန်းများ ကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသတိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များ ပဲခူးမြို့ရှိဘုရားများအားဖူးမြော်၊ကမ္ဘောဇသာဒီနန်းတော်ရာလေ့လာ

ရန်ကုန် ဧပြီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲ ခဲ့ကြသော နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ် ကျေးမှု အဖွဲ့ဝင်များသည် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင် လိုက်ပါ၍ မြန်မာနှစ်ဆန်း တစ်ရက် နေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိရွှေမော်ဓော စေတီတော်အား သွားရောက် ဖူးမြော် ကြည်ညိုကြပြီး အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။

ယင်းနောက် ယဉ်ကျေးမှုအဖွဲ့ဝင် များသည် ကမ္ဘောဇသာဒီ နန်းတော်ရာ သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ဆက်လက်၍ ယဉ် ကျေးမှုအဖွဲ့ဝင်များသည် စိန်သာ လျောင်း ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ယဉ်ကျေးမှု အဖွဲ့ဝင် များသည် ရွှေသာလျောင်းဘုရားနှင့် လေးမျက်နှာ ကျိုက်ပွန်စေတီတော် တို့ကို ဖူးမြော်ကြည်ညိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ၅ရက်က ငပုတော မြို့ စည်ပင်သာယာ ပန်းခြံ အတွင်း စည်ပင်ဝန်ထမ်း များမှလမ်းပုံဖော် ပန်းအလှပင်များ ညီညာစွာ ဖြတ် ညှပ် ခြင်း နှင့် မြေ ယာ ရှု ခင်း အလှပြုပြင်ခြင်း ဆောင်ရွက်နေမှု အား ငပုတော မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ–၂ (မြို့ပြ) ဦးအောင်ကိုကိုတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက် ကြစဉ်။

(မြို့နယ်စည်ပင်)

တာမွေမြို့နယ် အမျိုးသမီး အားကစားအဖွဲ့က ဖွင့်လှစ်သော ဂူရှူးအားကစားသင်တန်းအား တာမွေမြို့နယ် မူလတန်းကျောင်း အမှတ်(၅)တွင် မတ် ၁၅ ရက်မှ ဧပြီ ၁၉ ရက်အထိဖွင့်လှစ်ခဲ့ရာ အမျိုးသမီး အားကစားအဖွဲ့ဝင် များ လေ့ကျင့်သင်ကြားကြစဉ်။

(က–ပ)

နိုင်ငံတော်၏စီးပွားရေးအင်အား တောင့်တင်းမှုရှိရေး စက်မှု ကုန်ထုတ်လုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ မြို့မဝေဠုဝန်ပရိယတ္တိစာသင်တိုက်သို့ ဧပြီ ၁၅ရက် နံနက်ပိုင်းတွင် ရောက်ရှိကြသည်။

သံတွဲမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက် ကြည်ညို၍ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး သံတွဲမြို့နယ် သံဃနာယက ဥက္ကဋ္ဌ နံတော်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမဠူ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် သံတွဲမြို့နယ် သံဃနာယကဖွဲ့ဥက္ကဋ္ဌ နံတော်ကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒမဠူအား ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် သံတွဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နံတော်ကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒမဠူက အနုမောဒနာနှင့် ရေစက်ချတရားတော်ကို ဟောကြား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံတွဲမြို့နယ် ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် ဆွမ်းဆန်တော် အိတ် ၁၀၀၊ ဆီပိဿာ ၅၀၊ သင်္ကန်းပရိက္ခရာ ကိုးစုံ၊ ဆေးဝါးမျိုးစုံ ငွေကျပ် တစ်သိန်းဖိုးရှိ လှူဖွယ်ပစ္စည်းများအား လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ရာ ရခိုင်ပြည်နယ်စစ်တွေမြို့သို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံ ပြည်သူများအားတွေ့ဆုံ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆွေးနွေးမှာကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအချက်များဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအင်အား တောင့်တင်းမှုရှိစေရေးမှာ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အထူးအလေးထားပြီး ဆောင်ရွက်ရမည်ဖြစ်ရာ နိုင်ငံတော်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် စီမံကိန်းများချမှတ်၍ သတ်မှတ်ပေးထားကြောင်း၊ ရခိုင်ပြည်နယ်တွင် တိုးချဲ့စိုက်ပျိုးရန် လျာထားသတ်မှတ်ပေးထားသော လယ်မြေများတိုးချဲ့ဖော်ထုတ် စိုက်ပျိုးရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူပင် နွေစပါးစိုက်ဧကများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်က သတ်မှတ်ထားသော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများအား အဓိကစိုက်ပျိုးပြီး ဒေသနှင့် ကိုက်ညီသည့် အခြားပဲများကိုလည်း စိုက်ပျိုးနိုင်ကြောင်း၊ ဆီထွက်သီးနှံများအဖြစ် မြေပဲနှင့် နှမ်းအပြင်ဒေသနှင့် ကိုက်ညီသည့် ဆီမုန်ညင်းများကိုလည်း တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

နှစ်ရှည်ပင်အနေဖြင့် ဒေသနှင့် ကိုက်ညီသည့် သစ်ဆိမ့်ပင်များကိုလည်း စံကွက်များဖြင့်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်အနေဖြင့်လည်းကောင်း စိုက်ပျိုးကြစေလိုကြောင်း၊ နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးအတွက် သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုလည်း တိုး၍ဆောင်ရွက်ကြစေလိုကြောင်း၊ ယင်းမွေးမြူရေးလုပ်ငန်းများအပြင် ပြည်သူအားလုံး ဆောင်ရွက်နိုင်သော ဝင်ငွေတိုးနိုင်သော ဒေသကြက်မွေးမြူရေးအား တစ်ပိုင်တစ်နိုင်အဖြစ် အိမ်တိုင်းတွင် ကြက် ၁၀ကောင် မွေးမြူနိုင်ရေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တောင့်တင်းခိုင်မာရေး

ပြည်နယ်တွင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်၍ ရခိုင်ပြည်နယ်ကို နိုင်ငံတော်၏ အဓိကအားထားရသော တိုင်းကြီးခြောက်တိုင်းနည်းတူ နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာရေးကို ဖြည့်ဆည်းပေးနိုင်သည့် အဓိကပြည်နယ်အဖြစ် ရပ်တည်နိုင်ရေးအတွက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သရုပ်ဆောင် စုံစုံညီညီဖြင့် ဗီဒီယို ၁၂ ကားထွက်ရှိ

မောင်ဆွေထွန်း

ရန်ကုန် ဧပြီ ၁၈

မဟာသင်္ကြန်ရက်အတွင်း မြန်မာဗီဒီယိုဇာတ်ကားများဖြန့်ချိမှု ရပ်ဆိုင်းခဲ့ပြီးနောက် ဧပြီ ၁၈ရက်နေ့မှစပြီး ပုံမှန်အတိုင်း ဖြန့်ချိရောင်းချရာ ဗီဒီယိုဇာတ်ကား ၁၂ကား ထွက်ရှိလာသည်ကို တွေ့ရသည်။

ထိုဇာတ်ကားများမှာ လပ်ကီးဆဲဗင်းဗီဒီယိုမှ ကုသိုလ်၊ ဖိုးဖြူ၊ငှက်ပျောကြော်တို့ပါဝင်သည့် **ငွေမျက်နှာ** ဇာတ်ကား၊ လင်းမြန်မာဗီဒီယိုမှ သားညီ၊ မင်းသူ၊ မျိုးစန္ဒီကျော်တို့ ပါဝင်သည့် **သတိဆူညံခြင်းမပြုရ**၊ လပ်ကီးဆဲဗင်းဗီဒီယိုမှ မော့စ်၊ ဆိုနီ၊ သင်းသင်းယုလှိုင်တို့ ပါဝင်သော **ဘာမဆို ဘသော်ဖြစ်တယ်**၊ စိန်ငွေး ဗီဒီယိုမှ ရန်အောင်၊ ရာဇာနေဝင်း၊ ပုလဲဝင်း ပါဝင်သော **ကုဋေရှစ်ရာ လာထား**။

မျက်ခြယ်ဗီဒီယိုမှ လူမင်း၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **အိုဗာတင်း**၊ လပ်ကီးပဲလေ့ ဗီဒီယိုမှ ကျော်ရဲအောင်၊ မင်းမော်ကွန်း၊ မေသဉ္ဇာဦး၊ပပဝင်းခင် ပါဝင်သော **သစ်ခက်မျှော်စင်**၊ မဏိရွှေစင်ဗီဒီယိုမှ ဝေဠုကျော်၊ ခိုင်နှင်းဝေ ပါဝင်သော **သေမထူးနေမထူးဘဦး**၊ လပ်ကီးဆဲဗင်းဗီဒီယိုမှ မင်းကို၊ ယဉ်မင်းပိုက် ပါဝင်သော **အသူရကာယ်**။

လပ်ကီးပဲလေ့ဗီဒီယိုမှ ဖြန့်ချိသော 'သစ်ခက်မျှော်စင်' ဇာတ်ကားမှ မင်းမော်ကွန်းနှင့် ပပဝင်းခင်။

အာကာချယ်ဗီဒီယိုမှ ခင်လှိုင်၊ မြို့တော်ချစ်ဖွယ် ၊မြသင်းချယ်ပါဝင်သော **ဖြစ်ချင်ရာဖြစ် ကျွန်တော့်အချစ်**၊ လှဗီဒီယိုမှ အောင်ပိုင်၊ စိုင်းသီဟ၊ ခိုင်ပါဝင်သော **ကျားရိုင်းဓား**၊ မျက်ခြယ်ဗီဒီယိုမှ နေထက်လင်း၊ စိုးမြတ်နန္ဒာ ပါဝင်သော **နှင်းငွေ့သင့်ကောင်းကင်**၊ စိန်ငွေးဗီဒီယိုမှ ရွှေမန်းသားလေး ဖိုးချစ်စရာ **နှစ်ပါးခွင်** ဇာတ်ကားတို့ ဖြစ်ကြသည်။

ဇမ္ဗူ့တလူဗီဒီယိုမှ ကိုခင်ဌေး၏ ဝတ္ထုကို ဒါရိုက်တာဥက္ကာဗို ရိုက်ကူးသော **အိပ်မက်မြစ်** ဇာတ်ကားမှာ ရိုက်ကူးပြီးစီးနေသဖြင့် မကြာမီ ဖြန့်ချိပြသနိုင်မည်ဟု သိရသည်။

ထိုဇာတ်ကားတွင် ရန်အောင်၊ မေသဉ္ဇာဦးတို့ ခေါင်းဆောင် ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

မကြာမီ ဖြန့်ချိပြသမည့် 'အိပ်မက်မြစ်' ဗီဒီယိုဇာတ်ကားမှ ရန်အောင်နှင့် မေသဉ္ဇာဦး တို့၏ဟန်။

ရွှေငယ်ငယ်ဗီဒီယိုမှ ရိုက်ကူးပြီးစီးနေသော 'ခြေရာကောက်သူများ' ဇာတ်ကားမှ ဇာနည်၊ ပိုင်ဇေရဲထွန်းနှင့် သတ္တိ။

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲနှင့် အသင်းလိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၅ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ တင်းနစ်ကလပ်များနှင့် တင်းနစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် ၅၅နှစ်နှင့် ၆၀အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ ၁၂နှစ်၊ ၁၄ နှစ်၊ ၁၆နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်လိုသော ကလပ်အသင်းများ၊ တင်းနစ်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၁-၃၇၂၃၆၀၊ ၃၈၁၉၉၁ နှင့် ဖက်စ်-၃၈၁၉၉၂သို့ ဧပြီ ၂၄ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးရေချိန် စံချိန်သစ်

၂၀၀၄ ခုနှစ်၊ ဧပြီ ၁၆ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀၉း၃၀နာရီ အချိန်တွင် ဟုမ္မလင်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၅၄ မီလီမီတာ (၂ဒသမ ၁၃ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း (၃၉)နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ် ဖြစ်သည်။

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို အသက်သက်မဲ့ ပိုင်းဝန်းထိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ [illegible] ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများ၊ သုံးစွဲသူ မိတ်ပြည်သူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ရပ်ရှင်တူ ပြည်သူပြည်သားများအားလုံး ၁၃၆၆ ခု နှစ်သစ်ကူးမှစ၍ အေးအေး [illegible] ကိုယ်စိတ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းနှင့်အတူ [illegible] ထွန်းရွှေဝါဆေးဝါး ထုတ်လုပ်ရေးမိသားစုက ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ် (၂၀၂)၊ အောင်မင်္ဂလာလမ်း၊ (၆၃) ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန် (၂)၊ ရန်ကုန်။ ဖုန်း - ၅၂၈၅၂၄၊ ၅၀၀၅၃၄၊ ၂၄၆၂၅၆၊ ၂၄၁၀၉၈၊ ၂၄၁၀၅၂

THAMES Management Centre
Openning On May 4th 2004
INFORMATICS COMPUTER CENTRE

ADVANCED DIPLOMA — HIGHER DIPLOMA — DIPLOMA

- Business Administration Track([illegible])
- Marketing & Public Relation Track([illegible])
- Business & Information Technology Track(IT နှင့် [illegible])
- Computer Studies Track([illegible] Computer Science programme [illegible])
- Information Technology Track(Industry Base [illegible] Degree [illegible])
- *Info-Comm* Technology Track([illegible] *Info-Comm Wave* [illegible])
- Computing Track(Foundation [illegible] Computer [illegible])
- Internet Access, e-Mail and e-Learning [illegible]

ADVANCED DIPLOMA — DIPLOMA

Up to 85% Saving Compared to Oversea Programs !

ဖုန်းနံပါတ်	Yangon	Mandalay	Lanmadaw	Sittway	Taunggyi
	525971, 296829, 706740, 200343, 203188, 558360	02-89402, 89403	251064	043-23684	081-22426

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနား များတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဝန်ထမ်းအလိုရှိသည်

1. Site Engineer
B.E / A.G.T.I(Civil)
လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
2. Architect
Architectural Drawing ကို AutoCAD နှင့် ကျွမ်းကျင်စွာဆွဲနိုင်သူ။
3. Site တာဝန်ခံ - (၁၀)တန်းအောင်
Site တွင်နေ ထိုင်နိုင်သူဦးစားပေးမည်။
4. Driver
[illegible] (၅)နှစ်ရှိရမည်။

လိပ်စာ - တိုက်အမှတ်(20-B)၊ အခန်း(301)၊ [illegible]
ဖုန်း - ၃၇၆၅၅၈၊ ၂၈၄၂၆၈။

[illegible]

- Diploma in Secretarial Management (DSM)
- Certificate in Advanced Accounting (CAA)
- Certificate in Book-Keeping (CBK)

[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့ ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ရက်
၂၀၀၄ခုနှစ် မတ်လ ၃၁ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ ၂၆ရက်မှ ဇူလိုင်လ ၃ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေတိုးတက်ရရှိစေရန်။
(ခ) နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။
(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။
(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ ရောင်းရငွေ ယူရို ၁၈ဒသမ ၅သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေး ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၆၃၀ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိ၍ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ လျင်မြန်စွာ တင်ပို့ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေ လည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export earning)အဖြစ် သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များ ကိုပြည်ပမှ တင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ ခုနှစ် ဇွန်လအတွင်းကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ ခုနှစ် မေလ ၁ ရက်မှ ဇွန်လ ၁ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေး ဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေး ဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက် ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဆီဆေးနှင့်လမ်းသုတ်ဆေး(Road Line Paint)များ	၆၅၀၀ ဂါလန်
၂။	ငါးခြောက်	၂၄၀ တန်

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၃၀-၄-၂၀၀၄ ရက် (၁၆း၀၀) နာရီအချိန် နောက်ဆုံး ထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါ ဘက်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု ဖုန်း- ၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ ၂၃၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာသင်တန်းနှင့် အဆင့်မြင့်သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆက်ဆံရသော Globalization ခေတ်တွင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကျွမ်းကျင်သူများအားလုံး သိအပ်၊ တတ်အပ်သော အခြေခံသံတမန်ရေးရာ ပညာရပ်များကို အပတ်စဉ် (၁)မှ (၁၀)အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဖြစ်ပါသည်။ သင်တန်း၏ အဖိုးတန်မှုကို သင်တန်း တက်ရောက်ပြီးသူတိုင်းက အသိအမှတ်ပြုလျက် သင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးရန် မေတ္တာရပ်ခံခဲ့ကြပါသည်။

ယခုဆက်လက်၍ ယခင်အပတ်များက သင်တန်းနေရာမရလိုက်သူများအတွက် အခြေခံသင်တန်း အပတ်စဉ် (၁၁)၊ (၁၂)နှင့် (၁၃)တို့ကို တစ်ဆက်တည်း ဖွင့်လှစ်သွားမည် ဖြစ်ပါ၍ အမြန်လျှောက်ထားကြပါရန် အသိပေးအပ်ပါသည်။

အခြေခံသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီးသူများအတွက်လည်း အဆင့်မြင့်သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

(၂၂၂၄၉၂၊ ၂၂၂၈၄၄ လိုင်းခွဲ-၃၈၅တွင် စုံစမ်း၊ လျှောက်လွှာရယူ တင်သွင်းပါရန်)

ဂျူပီတာ
[illegible]
Yuzana Art School [illegible]
1st May 2004, Saturday
[illegible]

ဦးထွန်းကြည် MEIC (အငြိမ်းစား၊ မန်နေဂျာ) အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အိမ်အမှတ် ၈၇ နေ ဒေါ်သက်မူ၏ခင်ပွန်း၊ ကိုကျော်သက်ထွန်း၊ မနီလာထွန်းတို့၏ဖခင်သည် ၁၃-၄-၂၀၀၄ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ ရက် ညနေ ၄ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

မောင်ဇော်နိုင်ထွန်း မှော်ဘီမီးခံဘိလပ်မြေကျောက်ပြားစက်ရုံ (ပြင်/ထိန်း) အသက်(၂၅)နှစ်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မရမ်းတလင်းလမ်း၊ အမှတ် ၂/၉၅ နေ (ဦးစုအုံ)-ဒေါ်ဝိုင်းစိန်၊ (ဦးရွှေဘ)-ဒေါ်ကံစိန်တို့၏ မြေး၊ ဦးစိန်ဘ-ဒေါ်အုံးဝင်း(ခ) ဒေါ်အုံးပွင့်တို့၏ တတိယမြောက်သား၊ ရန်ကုန်မြို့နေ ဦးဖိုးလင်း-မစန်းအေး၊ကိုအတာ-မစန်းဌေး၊ ကိုဆန်းရွှေ၊ ကိုမောင်မောင်ဝင်း(၁၀ရပ်ကွက်ဈေး)၊ ဦးစိုးမြင့်(အလုပ်ရုံခွဲမှူး၊ ပြင်/ထိန်း)-ဒေါ်အေးအေးဝင်း၊ ဦးမောင်မောင်လတ်-မမီးငယ်တို့၏တူ၊ မောင်ဆန်းညွှန့်စိုး(လေကြောင်းပို့ဆောင်ရေး)-မနီနီခင်၊ မဥမ္မာနွယ်(ဒု-နှစ်၊ မဟာဝိဇ္ဇာ၊ ဒဂုံ)တို့၏ ညီမောင်၊ မောင်ထွန်းထွန်းလင်း(ဒု-နှစ်၊ ရူပဗေဒ)၏ အစ်ကိုသည် ၉-၄-၂၀၀၄ ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ထိမ်းမြား လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နေ
ဦးမောင်ရွှေ(စစ်မှုထမ်း-ငြိမ်း)-ဒေါ်ဝင်းဝင်းကြည် တို့၏သား

ဗိုလ်မှူးဝင်းမြတ် B.Sc (D.S.A)
(ဒု-တပ်ရင်းမှူး)
နှင့်
လားရှိုးမြို့၊ ၁၁/၂၃၊ ခတ္တာလမ်း၊ ရပ်ကွက် ၈ နေ
ဦးအောင်ကြီးညွန့်(ခရိုင်ဦးစီးမှူး-ငြိမ်း)-ဒေါ်နန်းခင်စိုးညွန့် တို့၏သမီး

နန်းခင်ဖုန်းမြင့် (B.A, B.Ed)
(အထက်တန်းပြ၊ အထက ချင်းရွှေဟော်)

တို့သည် ၈-၄-၂၀၀၄ ရက်နေ့တွင် မန္တလေးမြို့ တွဲဖက်တိုင်းတရားသူကြီး ဦးမောင်မောင်၏ ရှေ့မှောက်တွင် လက်ထပ်မင်္ဂလာစာချုပ် လက်မှတ်ရေးထိုး၍ ၉-၄-၂၀၀၄ ရက်တွင် မန္တလေးမြို့နေအိမ်၌ မင်္ဂလာဦးဆွမ်းကျွေး ဧည့်ခံပွဲ ကျင်းပပြီးစီးပါကြောင်းနှင့် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးဝင်းမြတ်-နန်းခင်ဖုန်းမြင့်။

မင်္ဂလာဦး ကျေးဇူးတင်လွှာ

ရွှေဘိုမြို့ အောင်ဇေယျရပ်နေ
ဦးကောင်းညွန့်-ဒေါ်ညိုညိုသန်း
တို့၏ သားကြီး

ဒေါက်တာစိုးထက် (M.B.,B.S)
(ဦးစီးအရာရှိ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန)
နှင့်
ရန်ကုန်မြို့၊ လမ်းမတော်မြို့နေ
ဒုတိယဗိုလ်မှူးကြီးရန်နိုင် (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)-
ဒေါ်ဝင်းဝင်းတိုး
တို့၏ တစ်ဦးတည်းသောသမီး

မရွှန်းလဲ့ရည် (5th year Law)

တို့၏ ၇-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် စေ့စပ်ကြောင်းလမ်းပွဲ၌ ဦးစီးနာယကအဖြစ် ဆောင်ရွက်ချီးမြှင့်သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့်အား လည်းကောင်း၊ ၉-၄-၂၀၀၄ (သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီးအားလည်းကောင်း၊ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်း၌ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက် ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာစိုးထက်-မရွှန်းလဲ့ရည်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံတန်း၊ နွယ်သာကီလမ်း(၄/၄)နေ
ဦးအုန်းမောင်(ကားပွဲစား)-ဒေါ်ကြည်လှ တို့၏သား

မောင်အောင်လေး

ငြိမ်းချမ်းမောင် ကုန်စည်ပို့ဆောင်ရေး၊ မြဝတီမြို့
နှင့်
ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်မြောင်းလမ်းနှင့်
ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)အေးရိပ်မွန်
Shop House နေ
ဦးသိန်းထွန်း-ဒေါ်ညွန့်ခင် တို့၏သမီး

မပပဇော် (ခ) မီးမီး

B.Sc (Zoology), Hons; M.Sc Year II

တို့၏ ၁၁-၄-၂၀၀၄ရက်တွင် Lion City Restaurant (Golden Dragon Hall)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများအား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လည်းကောင်း၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်အောင်လေး-မပပဇော်။

တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ (HSK)

တရုတ်ပြည် နိုင်ငံတော် တရုတ်ဘာသာစကားအရည်အချင်းစစ်ကော်မတီ (The State Commission of Chinese Proficiency Test)မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်	- ၂၀၀၄ ခုနှစ် မေလ ၁၅ ရက် (စနေနေ့)
ကျင်းပမည့်နေရာ	- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်	- ၂၀၀၄ ခုနှစ် ဧပြီလ ၆ ရက်မှ ၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ
လျှောက်လွှာရရှိနိုင်သည့်နေရာ	- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်	- အဆင့် သုံးဆင့်အနက် မိမိဖြေဆိုလိုရာ အဆင့်ကို ဖြေနိုင်ပါသည်။

အသေးစိတ်ကို အမှတ် ၁၁၉၊ ၁၂၁ တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် တယ်လီဖုန်း- ၀၁-၅၁၃၁၉၈ နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း-၀၂-၃၂၃၃၀ တွင် စုံစမ်းနိုင်ပါသည်။

စာမေးပွဲဖြေဆိုကြမည့်သူများအတွက် HSK Guide Books နှင့် Tape များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံး အမှတ်၉၄၊ ခရေပင်လမ်း ဒဂုံမြို့နယ် ရန်ကုန်နှင့် မန္တလေးမြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ရတနာလမ်းသွယ် ရန်ကြီးအောင်လမ်း၊ ၃၅ လမ်း (၆၅ လမ်းနှင့် ၆၆ လမ်းကြား) မန္တလေးမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄-၂၀၀၅ ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်း
အမှတ်စဉ်(၁/၂၀၀၄)

သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာရေး ကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၀၄)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်။
- (က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခု (ယဉ်ကျေးမှုတက္ကသိုလ် အပါအဝင်)မှ ဘွဲ့(ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့/စီးပွားရေးဘွဲ့) ရပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်းထောက်ခံစာ ပူးတွဲတင်ပြရမည်။
- (ဃ) မွေးသက္ကရာဇ်အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ် ဓာတ်ပုံမိတ္တူကို ပူးတွဲတင်ပြရမည်။
- (င) ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးသူဖြစ်ရမည်။
  ဝန်ထမ်းဖြစ်ပါက ၃၅ နှစ်ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။ (ဝန်ထမ်းများသည် လစာမဲ့ဖြင့် သင်တန်းတက်ရပါမည်။)
- (စ) ပြစ်မှုကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဆ) စေလွှတ်သည့် ပညာရေးကောလိပ်များသို့ တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (ဇ) သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှု လက်မှတ် (Teacher Education Competency Certificate-TECC)ချီးမြှင့်ပြီး မူလတန်းပြအဖြစ် စတင်ခန့်ထားပြီး နေရာလစ်လပ်မှုအရ အလယ်တန်းပြအဖြစ် ရာထူးတိုးမြှင့် ခန့်ထားပေးမည်ဖြစ်ပါသည်။
- (ဈ) သင်တန်းကာလမှာ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ထိဖြစ်ပါသည်။
- (ည) သင်တန်းကြေးကို တစ်လလျှင် ကျပ်၁၀၀၀ပေးသွင်းရပါမည်။
- (ဋ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်။

၃။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်ထားသည့် လုပ်သက်ပြည့်မြောက်ပါက ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းဝင်ခွင့် အစီစဉ်အရ တက်ရောက်ခွင့်ရရှိမည်။

၄။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှစ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများတွင် စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ၆ လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ (မျက်မှန်တပ်ဆင်သူ ဖြစ်ပါက မျက်မှန်နှင့် တစ်ပုံ၊ မျက်မှန်မပါ တစ်ပုံ) ကို ကပ်၍ (ပူးတွဲရမည့်အထောက်အထားများနှင့်အတူ) သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ၂၀၀၄ ခုနှစ် မေလ ၂၆ ရက်နေ့ထက် နောက်မကျစေဘဲပေးပို့ရပါမည်။

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ ၂၀၀၄ ခုနှစ် ဧပြီလ ၆ ရက်

၂၀၀၄-၂၀၀၅ ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်း
အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဝင်ခွင့်လျှောက်လွှာ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်..............................ခုနှစ် ....လ၊.................ရက်

၃။ (အပထ(က)အဆင့်/တက္ကသိုလ်ဝင်စာမေးပွဲ).........အောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့်ပြည်နယ်/တိုင်း ....

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ.............................. အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့်ခုနှစ်..............................

၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်း ရှိ/မရှိ.................. ရှိပါက(သင်တန်းအမည်)..............................

၆။ အိမ်ထောင်ရှိ/မရှိ(ရှိပါက) ဇနီး/ခင်ပွန်းအမည်.................နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်..............................

၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ.............................. ....

၈။ မူလတန်းပြဆရာအဖြစ် ခန့်ထားပါက ဒေသမရွေး တာဝန် ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ..............................

....
လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ ဧပြီလ ရက်

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဘားအံမြို့ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန် ကြော်ငြာ

ကရင်ပြည်နယ်အတွင်းရှိ လက်ရှိတံတား အသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားသုံးစင်း၏ ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါ အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ
- (၁) သံလွင်တံတား (ဘားအံ)
- (၂) ဂျိုင်း (ကော့ကရိတ်တံတား)
- (၃) ဒုံသမိတံတား (ဘားအံ)

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ
ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၂၁၁၈၂/ ၂၁၀၈၃

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ
ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ဃ) လေလံလျှောက်လွှာစတင်ရောင်းချမည့် နေ့၊ အချိန်
၁၉-၄-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀ နာရီ

(င) လေလံလျှောက်လွှာပိတ်မည့် နေ့၊ အချိန်
၂၆-၄-၂၀၀၄ (တနင်္လာနေ့) ညနေ ၄ နာရီ

(စ) လေလံတင်ရောင်းချမည့် ရက်၊ အချိန်
၂၇-၄-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀ နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ
ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဘားအံမြို့

မှတ်ချက်။ ။လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ကရင်ပြည်နယ် တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့၊
ဘားအံမြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်စိုးဝင်းအောင်(ခ) သီဟအောင်နိုင် ၁၂/ကမတ(နိုင်)၀၁၈၁၆၆ သည် မိဘ ညီအစ်ကို မောင်နှမများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးအောင်နိုင် ၁၂/ကမတ(နိုင်)၀၅၀၆၇၇
မိခင်-ဒေါ်ဝင်းဝင်းကြူ ၁၂/ကမတ(နိုင်)၀၁၈၁၅၈

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးဥက္ကာ (ဒုတိယညွှန်ကြားရေးမှူးချုပ်)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

မအေးနန္ဒာ(Myanmar Tractors Ltd.)၏ ဖခင်ကြီး မိသားစုနှင့် မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့သည်မှာ ၁၉-၄-၂၀၀၄ ရက်တွင် တစ်လပြည့်ခဲ့သော်လည်း ယနေ့ထိတိုင် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Machine/Allied/Rental Dept.
Myanmar Tractors Ltd.

ဗိုလ်ကြီးကျော်စိုး (ငြိမ်း)
(ကက/ဆေး)
(မင်္ဂလာဒုံမြို့နယ်
စစ်မှုထမ်းဟောင်းအဖွဲ့ဝင်)
အသက်(၆၈)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ကတွတ်ကျေးရွာနေ(ဦးသာလှိုင်-ဒေါ်သိန်းညွန့်)တို့၏သားကြီး၊ ပုသိမ်မြို့နေ(ဦးစံငြိမ်း-ဒေါ်လှဝင်း)တို့၏သားသမက်၊ မင်္ဂလာဒုံမြို့နယ် အမှတ် ၁၈၈၊ ဂျိုးဖြူလမ်း၊ ပေါက်ကုန်းရပ်ကွက် အပိုင်း ၅ နေ ဒေါ်တင်ထွေး၏ ခင်ပွန်း၊ ဗိုလ်မှူးဌေးလွင်ဦး-ဒေါ်သီသီချို၊ မချိုချိုဦး၊ မောင်သန်းနိုင်တို့၏ ဖခင်၊ မအေးချမ်းဦး၊ မောင်ကျော်ရဲလွင်၏အဘိုးသည် ၁၄-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ပေါက်ကုန်းသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ဉာဏ်မေ
(မုံရွာ)
အသက်(၇၅)နှစ်

မုံရွာမြို့၊ အေးသာယာရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးအေး)၏ဇနီး၊ ဦးဝင်းဖေ-ဒေါ်ဝင်းရီ၊ ဦးလှချို-ဒေါ်စန်းရီ၊ ဦးသန်းကျော်ဌေး-ဒေါ်ဝင်းဝင်းမာ၊ ဦးအောင်မျိုးဝင်း(Director Green Jade Co.,Ltd.)၊ ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းမြတ်သူ - ဒေါ်စောကလျာတို့၏ မိခင်သည် ၁၂-၄-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၀း၁၀ နာရီတွင်အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
တပ်ကြပ်ကြီးအောင်ထွန်း (ငြိမ်း)
ဗဟန်းမြို့နယ်
စစ်မှုထမ်းဟောင်းအဖွဲ့ဝင်
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ) ရပ်ကွက်၊ နေသူရိန်လမ်း၊ အိမ်အမှတ် ၃၉နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ ဦးကျော်ဝင်း၊ ဦးမြသောင်း-ဒေါ်စန်းစန်းဝင်း၊အရာခံဗိုလ်အောင်သန်း-ဒေါ်တင်တင်ဝင်း၊ ဒုတက ထင်အေးအောင်-ဒေါ်ခင်စန်းကြည်၊ ဦးစိုးလွင်-ဒေါ်ပြုံးရင်၊ ဦးတင်မြင့်-ဒေါ်သိန်းသိန်းမြင့်တို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးသည် ၁၀-၄-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာအရှင်မြတ်
အမိန့်တော်ခံယူခြင်း
မောင်မောင်ကြီး @ Ahsanullah
အသက်(၄၀)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်ရိပ်မွန် အိမ်ရာနေ(ဆရာဦးလှမောင် @ Ha bi bullah)- ဒေါ်အမီနာတို့၏ သား၊ ဒေါ်ကြည်ကြည်လှ - Dr. ကာမာလ်၊ ဦးလှမြင့်-ဒေါ်ပန်းဖြူ၊ ဒေါ်တင်တင်လှ-ဦးဖြူတို့၏ မောင်၊ ဦးမောင်မောင်လေး၏အစ်ကိုသည် ၉-၄-၂၀၀၄ ရက် ည ၁၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၄-၂၀၀၄ ရက် မွန်းလွဲ ၁း၀၀ နာရီတွင် ရေဝေးကာဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း၊ မောင်မောင်ကြီး၏ မိဒ်ယာ့ဒ်ကို ဝိုင်းဝန်းကူညီ ပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမျိုးဝင်း
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ ခြံအမှတ်၄နေ [ဦးလွင်(ခ) ဦးချူလွင်-ဒေါ်ကျင်ရန်]တို့၏သားထွေး၊ (ဦးဖိုးယား-ဒေါ်ယုကမ်)တို့၏ သားသမက်၊ ဒေါ်ခင်အေးသန်း၏ခင်ပွန်း၊ ကိုမျိုးဇော်လတ်-မခင်သန္တာအောင်၊ ကိုမောင်မောင်ထွေး-မမျိုးယဉ်မင်း၊ မောင်မျိုးဇော်ထွဋ်၊ မမျိုးယုမင်း၊ မောင်မျိုးဇော်ထက်တို့၏ဖခင်သည် ၁၈-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။
(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း (သိန်းဝင်းကြီး)
အကြီးတန်းသတင်းထောက် (ကြေးမုံသတင်းစာတိုက်)
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ၁၀လမ်း၊ အမှတ် ၁၀၃၄ နေ (ဦးဖုန်)-ဒေါ်ကြည်ညွန့်တို့သားကြီး၊ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးမြသန်း(မြန်မာ့အလင်း၊ ငြိမ်း)-ဒေါ်စန်းစန်းရီတို့၏အစ်ကိုကြီး၊ ဗိုလ်ကြီးရဲထွဋ်ဝင်း၊ မငြိမ်းငြိမ်းလတ်(နတလ ဦးစီးဌာန)၊ မောင်အောင်ဖြိုးဇင်တို့၏ဖခင်သည် ၁၇-၄-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း (သိန်းဝင်းကြီး)
အကြီးတန်းသတင်းထောက် (ကြေးမုံသတင်းစာတိုက်)
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ ၁၀ လမ်း၊ အမှတ် ၁၀၃၄ နေ (ဦးဖုန်)-ဒေါ်ကြည်ညွန့်တို့၏ သားကြီး၊ (ဦးဖေသွယ်-ဒေါ်စိုးသင်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း၊ ဗိုလ်ကြီးရဲထွဋ်ဝင်း၊ မငြိမ်းငြိမ်းလတ်(နတလ ဦးစီးဌာန)၊ မောင်အောင်ဖြိုးဇင်တို့၏ဖခင်၊ ဦးမောင်မောင်စိုး-ဒေါ်ခင်ခင်ဆွေ(ပြည်မြို့)၊ ဦးသက်ဝင်း(**M.E.P.E**၊ ရွှေပြည်သာမြို့)-ဒေါ်သန်းသန်းမြင့်၊ ဦးထွန်းထွန်း(လှူပ်စစ်)-ဒေါ်အုံးရင်၊ ဦးဝင်းနိုင်-ဒေါ်လှလှဝင်း၊ ဦးစိန်ထွန်း-ဒေါ်ခင်ခင်မော်၊ (ဦးဝင်းမြင့်)-ဒေါ်စပယ်တို့၏ ညီ/ အစ်ကိုဖြစ်သူ ဦးသိန်းဝင်းကြီးသည် ၁၇-၄-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁း၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရှုတင် (မြိတ်မြို့)
အသက်(၇၇)နှစ်

ဦးစိန်လွင်-ဒေါ်စီစီဝင်း [လမင်းစန္ဒာ တီဗွီ၊ ဗီဒီယိုရောင်းဝယ်ရေး၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)]တို့၏ ချစ်လှစွာသောမိခင် ဒေါ်ရှုတင်သည် ၁၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
Infiniti Marketing Enterprise°။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးထွန်းရင် (ကသာ)
(ရုပ်ရှင်အစည်းအရုံး)
ကသာအသင်း(ရန်ကုန်)
အသက်(၇၅)နှစ်

ရွှေပြည်သာမြို့၊ အမှတ်၅/၁/၂၄၈(က)၊စိန်ချယ်လမ်းနေ ဒေါ်စောညွန့် (သားဖွားဆရာမကြီး၊ကသာ)၏ သားသမက်၊ဦးထွန်းသိန်း-ဒေါ်ခင်သက်မာ (တပ်မတော်ချည်စက်၊သမိုင်း)၊ ဦးသက်ညွန့်(TTAကွန်ပျူတာ၊တောင်ဂူ)-ဒေါ်အေးအေးသင်း၊ (ဦးသက်ထွန်း)-ဒေါ်စန်းစန်းမြင့်၊ဒေါ်ခင်သက်မူ(အထည်-၁၁)၊ ဦးသက်လွင်-ဒေါ်ထွေး၊ဦးသက်တင်-ဒေါ်ငွေးငွေးနွယ်၊ ဦးစန်းနိုင် (Simla Co.,Ltd.)-ဒေါ်ခင်သက်မွန်၊ ဦးထွန်းထွန်း-ဒေါ်ခင်သက်မော်တို့၏ဖခင်၊ မြေး၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ခင်ကြီး(ခ) ဒေါ်ခင်မာ၏ခင်ပွန်းသည်၁၇-၄-၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်ပြီး ၁၉-၄-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှိုင်
အသက်(၆၉)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၂လမ်း၊ အမှတ် ၄၉၆ နေ ဦးစိန်မောင်(ဒု-လ/ထညွှန်ကြားရေးမှူး၊ သ/မဦးစီး၊ ငြိမ်း)၏ဇနီး၊ ဦးသောင်းမြင့်၊ ဦးသိန်းမြင့်-ဒေါ်သန်းသန်းဆွေ၊ (မခင်မာကြိုင်)၊ ကိုအောင်သိုက်၊ မရီရီမြင့်(သ/မဦးစီး၊ သဃ်န်းကျွန်း)၊ ကိုအောင်လှိုင်တို့၏မိခင်၊ မြေး၄ယောက်တို့၏အဘွားသည် ၁၈-၄-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက်၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် (အင်္ဂါနေ့) နံနက်၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ရဟန်း၊ဇရပ်၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ဝင်း (ဇရပ်ကြီး)
အသက်(၆၃)နှစ်

(ဦးကာဟန်-ဒေါ်နု)တို့၏သမီး၊ ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့နေ (ဦးထွန်းစိန်-ဒေါ်အေးတုတ်)တို့၏သမီးချွေးမ၊ (ဦးမြင့်သိန်း)၏ဇနီး၊ (ဦးမောင်စိန်-ဒေါ်ကြည်)၊ (ဦးကိုကိုလေး-ဒေါ်ခင်ရီ)တို့၏ညီမ၊ ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့နေ ဒေါ်လှမြင့် (ကင်မွန်းချုံတွဲဖက်အထက၊ကျောင်းအုပ်ဆရာမကြီး)၊ ဦးကျော်ထူး-ဒေါ်ငွေး၊ ဦးခွန်သန်းလွင်(အကခမှူး)-ဒေါ်မိုးစန္ဒာ၊ ဦးတင့်ဆွေ-ဒေါ်နုနုလွင်၊ ဦးသိန်းဝင်း-ဒေါ်စန္ဒာဝင်းတို့၏ ဒေါ်ဒေါ်မေမေသည် ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄း၄၀နာရီတွင် ရန်ကုန်မြို့၊ဖျူင်းရေအိုးစင်ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်၂၄(ဘီ)နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄- ၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးသိန်းဝင်း (သိန်းဝင်းကြီး)
အကြီးတန်းသတင်းထောက်
(ကြေးမုံသတင်းစာတိုက်)
အသင်းဝင်အမှတ်(၄၄၆)
အသက်(၅၂)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ၁၀လမ်း၊ အမှတ် ၁၀၃၄နေ ဒေါ်စန်းစန်းဝင်း၏ခင်ပွန်းသည် ၁၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။)
အမှုဆောင်အဖွဲ့။

အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ကျောက်ဖူးကုန်းရပ်၊ အမှတ် ၁၇၈၇ နေ ကျွန်တော်ဦးစိုးမြင့်၏ သမီး မစန်းမြင့်မော် ၇/ပခန(နိုင်)၁၃၄၁၅၆ သည် မိမိသဘောအရ အိမ်မှ ထွက်သွားပြီး မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သွားပါသဖြင့် ၁-၄-၂၀၀၄ ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်မယူပါကြောင်း။
ဦးစိုးမြင့်
၇/ပခန(နိုင်)၁၄၄၈၆၆။

ဦးလရောင်
အလယ်ချောင်းကျေးရွာ၊တွံတေးမြို့နယ်
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄၊သီတာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးသင်းလှိုင်-ဒေါ်စံညွန့်)တို့၏သား၊ (ဦးကျော်စိန်-ဒေါ်စိန်မေ)တို့၏မောင်၊(ဦးရွှန်း-ဒေါ်အုန်းရီ)တို့၏အစ်ကို၊ ဦးဇော်မင်း-ဒေါ်သန်းသန်းရီ၊ ဒေါ်အေးအေးလွင်-ဦးစိုင်းတို့၊ ဦးကျော်သိန်း၊ ဦးသိန်းလွင်၊ ဦးဝင်းမော်-ဒေါ်မာဂရက်၊ ဒေါ်မြမြဝေ၊ (ဦးဝင်းလွင်ဆန်း)၊ ဦးမျိုးဝင်းခိုင်-ဒေါ်ချိုချိုဝင်း၊ဆရာလေးဒေါ်ဝဏ္ဏ၊ကိုမြင့်သိန်း၊မမြင့်မြင့်-ကိုဂွမ်ဟို၊ ကိုတင်ထွန်း-မရှမ်းမ၊ မကေသွယ်ခိုင်-ကိုတိုးဝင်း၊ မောင်ကျင်ငွေ၊ မစန်းရီ၊ မောင်သိန်းဝင်းတို့၏ဦးလေးသည် ဗဟိုရိုဲစည်အထူးကုဆေးခန်းတွင် ၁၇-၄-၂၀၀၄ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီ၌ ထိန်ပင်သုသာန်တွင် ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၀၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူတူ၊တူမများ။

ဦးသန်းစိုးလေး (ကျွဲခြံရွာ၊ ပေါင်မြို့)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ တိုက် ၂၆၁၊ အခန်း ၂၀ နေ (ဦးရှိန်-ဒေါ်မမလေး)တို့၏သား၊ (ဒေါ်ခင်ကြည်) (ဦးဘရင်) (ဦးဘသင်)တို့၏ညီ/မောင်၊ ဒေါ်ခင်ရှိန်(အငြိမ်းစား၊ လယ်/ပြ၊ အလက-၃၊ ရန်ကင်း)၏ ခင်ပွန်း၊ မထက်ထက်ဝန်း(B.E Electronics၊ M.Sc Computer Science)၊ ကိုအောင်ဆန်းကို(B.E Mechanical)-မအေးအေးလွင်[B.Sc (Botany)]တို့၏ဖခင်၊ မောင်လင်းဇေယျအောင်(ခ)သားလုံးလေး၏ ဘိုးဘိုးသည် ၁၅-၄-၂၀၀၄ ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့် (မော်လမြိုင်)
အသက်(၈၀)

မော်လမြိုင်အသင်း(ရန်ကုန်)နာယက ဗိုလ်မှူးချုပ်သာဌေး(အငြိမ်းစား)၏ အစ်မ ဒေါ်အေးမြင့်(ရာသက်ပန်အသင်းဝင်)သည် ၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။
နာယကများနှင့်အမှုဆောင်များ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ကြည် (ညောင်တုန်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့နယ်၊ ဗဟန်းမြို့နယ်၊ အမှတ်၂၊ ဗိုလ်ကျော်ဇောလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်နေ (ဦးဖိုးဆိုင်-ဒေါ်ဖွားရင်)တို့၏သမီးထွေး၊ ဦးစိုးဝင်း-ဒေါ်ကြည်ကြည်ခင်၊ (ဦးသက်ဝေ)- ဒေါ်အမာရီ၊ ဦးမျိုးညွန့်-ဒေါ်နီနီ၊ ဦးသောင်း- ဒေါ်သန်းသန်းအေး၊ ဦးရဲမြင့်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ငွေးငွေးဝင်း၊ ဦးအောင်စိုးမြင့်-ဒေါ်နွဲ့နွဲ့မူ(ကျောက်တံတား၊ ကျန်းမာရေး)တို့၏အဒေါ်၊ မြေး ၂၉ ယောက်၊ မြစ် ၁၃ ယောက်တို့၏ အဘွားသည် ၁၈-၄-၂၀၀၄ရက် နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်တင့် (ခတ္တိယ)
ကြည့်မြင်တိုင်
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ၂လမ်းနေ (ဦးဖိုးစိန်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ (ဦးဖိုးသီး)-ဒေါ်တင်မြင့်၊ ဦးသောင်းစိန်-(ဒေါ်ဖွားစိန်)၊ (ဦးမြင့်ဆွေ)-ဒေါ်စန်းရင်တို့၏အစ်မ၊ ဒေါ်ကျင်သန်း၊ ဦးကျော်ညိမ်း-ဒေါ်ပြုံး၊ ဒေါ်အေးသန်း(အထက-၅၊ကြည့်မြင်တိုင်)၊ ဦးဘချစ်မောင်-ဒေါ်ဖြူဖြူခင်တို့၏မိခင်၊ မအေးသီတာပြုံး၊ မောင်နေလင်းအောင်၊ မခင်သူဇာကျော်၊ မဆုမြတ်ဝေတို့၏ အဘွားသည် ၁၈-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၂၀နာရီတွင် ဗဟိုရိုဲစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျော့စိန် (စစ်တွေ)
အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း၃၊ ခေမာသီလမ်း၊ အမှတ် ၂၉နေ (ဦးမြသာထွန်း-ဒေါ်ရှင်မ)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်စောဦး)၊ (ဦးဘိုးထွန်း-ဒေါ်မာရီ)တို့၏ညီမ၊ ဦးကျော်စိန်-ဒေါ်ဦးမေ၊ (ဦးသန်းစိန်)၊ ဦးလှကြည်-ဒေါ်နှင်းအေးခိုင်(ခ)ဒေါ်ကံကြီး(မင်္ဂလာဈေး)၊ ဦးစံလှကျော်-ဒေါ်သိန်းတင်၊ ဦးကျော်သာ၊ ဦးမင်းဆွေ-ဒေါ်ညိုညို၊ ဦးမောင်တိုး-ဒေါ်ဝင်းဝင်းနု၊ ဦးသန်းဝင်း-ဒေါ်လှအုံးမယ် တို့၏အဒေါ်၊ မခင်မြမြစိန်၊ (မောင်သူရစိန်)-မမိုးမိုးနွယ်၊ ဒေါက်တာကျော်လှစိန်၊ ကိုမောင်မောင်ထွန်း-မသီဂီစိန်နှင့် မြေး ၁၅ယောက်တို့၏ အဘောင်ရှင်၊ မြစ်လေးယောက်တို့၏အဖီးရှင်သည် ၁၇-၄-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောလှဖြူ (စစ်တွေ)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
အသက်(၆၉)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်နေ (ဦးမောင်ထွန်းအောင်-ဒေါ်စံလှခိုင်) စန်းသော်တာဆေးလိပ်ခုံ တို့၏ သား၊ (ဦးစံမြကျော်-ဒေါ်ညွှင်းဖြူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၇၉၊ စိတ္တသုခလမ်း (ငါးလွှာ)နေ ဒေါ်မြခင်၏ခင်ပွန်း၊ ဦးအောင်စောဦး (3/0 Lizstar) - ဒေါ်သန်းမြင့်ချေ၊ ကိုအောင်စောထွန်း(J/E.MTM Shipping) တို့၏ဖခင်၊ (ဒေါ်ဦးသာမေ-ဦးမြသာ)၊ (ဦးရွှေသာဘန်း)-ဒေါ်ထွေးတင်၊ ဒေါ်ရွှေခိုင်ဖြူ-(ဦးစိန်ညိုထွန်း)၊ ဒေါ်မသာနု-ဦးမောင်ဖြူ၊(ဦးရွှေစောအောင်)၊ (ဦးရွှေလှဖြူ)-ဒေါ်တင်အောင်တို့၏ ညီ/မောင်၊ ဒေါ်စောယဉ်ခိုင်၊ ဦးစောလှအောင်-ဒေါ်အေးမြိုင်၊ (ဒေါ်သိန်းနုခိုင်)၊ ဒေါ်ကျော့နုခိုင်တို့၏အစ်ကိုသည် ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်လှဲ့လှဲ့ဝင်း
M.Sc°(Zoology)
သရုပ်ပြဆရာမ(ငြိမ်း)
(သတ္တဗေဒဌာန)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အမှတ်၉၈၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးချို-ဒေါ်လှဝင်းတို့၏သမီးထွေး၊ ဒေါ်စန်းစန်းဦး(ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးမြင့်ဦး-ဒေါ်ဝင်းဝင်းအေးတို့၏ညီမသည် ၁၇-၄-၂၀၀၄ ရက်(စနေနေ့) နံနက် ၈း၁၃ နာရီတွင် ဗဟိုရိုဲစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက် (တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညိုဝင်း(ခ)
စာရေးဆရာတက္ကသိုလ်မင်းညို
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရ ဝဏ်ရိပ်သာ ၁လမ်း၊ အိမ်အမှတ် ၂နေ (ဦးတင်-ဒေါ်ဝေ)တို့၏သား၊ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဦးထန်ခန်းနား၊ ဦးဝင်းမြင့်-ဒေါ်သန်းသန်းဇင်၊ ဦးအောင်ကျော်-ဒေါ်သီတာစိန်၊ ဦးသောင်းထွန်း (ဌာနခွဲ-၄၊ မထသ)-ဒေါ်မြမြစန်း (အထက-၃၊ ကမာရွတ်)၊ ဒေါ်စုစုဝင်း (အမက-၁၆၊ စမ်းချောင်း)၊ ဒေါ်နုနုဝင်း (အမက-၁၈၊ လှိုင်)-ဒေါက်တာသက်အောင်၊ ဦးကျော်ထွန်းတို့၏ဖခင်သည် ၁၆-၄-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အမာ (ဖျာပုံ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၆)ရပ်ကွက်၊ တိုက်၂၂၈/၁၃နေ ဗိုလ်ကြီးထွန်းရှိန်(စက်မှု-၁၊ငြိမ်း)၏ဇနီး၊ဦးကျော်မြင့်(ကပရ)-ဒေါ်ချိုချိုမာ၊ ဦးကျော်မြင့်(ဂုန်လျှော်၊ပြည်)-ဒေါ်လှမြိုင်၊ ဦးလေးကြည်(တွဲဖက်ပါမောက္ခ၊ စီးပွားရေးတက္ကသိုလ်)-ဒေါ်မြမြရှိန်(လ/ထညွှန်မှူး၊ စက်မှု-၁)၊ ဦးမြင့်သိန်း(အထက်တန်းရှေ့နေ)-ဒေါ်တင်အေး(ဦးစီးအရာရှိ၊ စစစ)၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်လွင်-ဒေါ်မြမြညွန့် (လ-၃၊ မင်္ဂလာဒုံ)၊ဦးစိန်သန်း(ကညန၊ဘားအံ)-(ဒေါ်စန်းစန်းနွဲ့)၊ ဦးလွမ်းဝေ-ဒေါ်ဖြူဖြူရှိန်၊ ဦးမျိုးထွန်း(စက်မှု-၂)- ဒေါ်စန်းစန်းလှိုင်တို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏အဘွား၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ တိုက်အမှတ် ၁၁/၁၃ နေ ဒေါ်အမာသည်ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၆-၄-၂၀၀၄ ရက် နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးစိုးမြင့်(ခ)ဦးကောက်
(မော်ကျွန်း)
အသက်(၇၂)နှစ်

မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်၂၅၊ မဟာဗန္ဓုလ ၂လမ်း၊ (၅)ရပ်ကွက်နေ (ဦးစစ်ကောင်း-ဒေါ်ကြင်ခိုင်)တို့၏သား၊ (ဦးအုန်းခိုင်-ဒေါ်ထွေး)တို့၏ သားသမက်၊(ဒေါ်လှကြင်)၏ခင်ပွန်း၊ ဒေါ်ပု၏မောင်၊ ဒေါ်ယု၊ ဦးဝင်းမြင့်-ဒေါ်တင်အေး၊ဦးကျော်မြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကုန်းဈေးတန်းလမ်းနေ ဦးသန်းမြင့်-ဒေါ်ခင်မေအေး(ကောင်းမြတ် ရတနာရွှေဆိုင်)၊ ဦးအောင်ဆန်းမြင့်-ဒေါ်ခင်ညို၊ မော်ကျွန်းမြို့နေ ဒေါ်ခင်လေးရီ၊ ဒေါ်ခင်ခင်အေး၊ တာမွေမြို့နယ်၊ အမှတ်၂၆၀၊ ကျိုက္ကဆံလမ်းနေ ဒေါက်တာဇော်မြင့်-ဒေါ်နန်းကျိုင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇-၄-၂၀၀၄ ရက်(စနေနေ့)မွန်းလွဲ ၁၂း၀၅နာရီတွင် တာမွေမြို့နယ်၊ အမှတ်၂၆၀၊ ကျိုက္ကဆံလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျိုက္ကဆံလမ်းနေအိမ်မှ ကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘမြင့်(၂) (ရေနံချောင်း)
ဦးစီးအရာရှိ(ငြိမ်း)
အကောက်ခွန်ဦးစီးဌာန
အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးဘိုးကွန်း-ဒေါ်ညီမ)တို့၏သားထွေး၊ (ဦးမောင်မောင်အေး-ဒေါ်ခင်ခင်ရီ)တို့၏သားသမက်၊ (ဒေါ်ကြင်ကြင်)၊ (ဒေါ်ရီရီ)၊ (ဦးတင်ရှိန်-ဒေါ်တင်တင်)၊ (ဦးအေး)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း၊ ဗိုလ်ချုပ်လမ်း၊အမှတ် ၃၈၄ နေ ဒေါ်ခင်မြအေး (ပြည်တွင်းအခွန်များဦးစီးဌာန၊(ငြိမ်း)၏ခင်ပွန်း၊ ဦးချစ်ဆွေ(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ပတခ)- ဒေါ်မေသင်းနွယ်(လ-၅၊ မရမ်းကုန်း)၊ (ဦးသိန်းသန်း)- ဒေါ်အေးအေးမြင့်၊ ဦးဇော်လင်း၊ (ဦးသူရ)-ဒေါ်ခင်စိုးသူ၊ ဦးရွှေဝင်း-ဒေါ်သီတာ၊ ဦးသန်းဝင်း-ဒေါ်လှမြတ်သီဂီတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည်၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁၂း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်တွင်ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မအေးအေးသန့်
အသက်(၂၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၄/ခ/၂၊ အခန်း ၄/ခနေ ဦးသိန်းထွန်း (အကြီးတန်းလိုင်စင် အင်/ယာ)-ဒေါ်အေးအေး(ဌာနခွဲမှူး၊ ငြိမ်း၊ကစလ)တို့၏ သမီး၊ ကိုဇေလတ်ထွန်း(လ/ထကထိက၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန)၊ မထက်ထက်အောင်(ဝေဠုဝန် GSM အိတ်ချိန်း၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ညီမသည် ၁၇-၄-၂၀၀၄ ရက် (စနေနေ့) ည ၇း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ မြသိန်းတန်ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဖြစ်တော်မူခဲ့သော ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်သည် (၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၉ရက်) ၂၉-၃-၂၀၀၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၇ရက်) ၂၅-၄-၂၀၀၄ရက်တွင် အန္တိမအဂ္ဂိစျာပနပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
စျာပနကျင်းပရေးကော်မတီ
ထန်းတပင်မြို့၊ရန်ကုန်တိုင်း။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဏစ္စာဘိဝံသ
သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သင်္ဂဇာကျောင်းတိုက်၊ သာသနာဟိတနိမ္မိတအေးကျောင်းစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဏစ္စာဘိဝံသသည် (၁၃၆၆ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်) ၁၇-၄-၂၀၀၄ ရက် (စနေနေ့) နံနက် ၉း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါကြောင်း တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
(အန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်မည့်ရက်ကို ထပ်မံအသိပေးကြေညာပါမည်။)
တပည့်သံဃာတော်များ။

ဒေါ်ကင်စန်း (ကတိုး)
အသက်(၉၉)နှစ်

ဦးဘွန်ရှန်-ဒေါ်မယ်လွင်တို့၏ သမီး၊ အမှတ် ၁၀၁၊ အောက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊မော်လမြိုင်မြို့နေ (ဦးလူဝါး)၏ဇနီး၊ (ဦးမောင်ကျင်)-ဒေါ်ခင်မေဝင်း၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်အေးမြင့်(မြို့တော်စည်ပင်)၊ဦးလှမင်း-ဒေါ်ရွှေကြည်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၈-၄-၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၀-၄-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရှစ်မိုင်၊ကြန့်တိတ်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယိကာမ
မိစန်းစန်းချို
အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၁၁၄၆နေ (နိုင်ရေခဲ)-မိစိန်ဒါန်တို့၏သမီး၊ နိုင်တင်ဖေ(ကားပစ္စည်းဆိုင်-ဘုရင့်နောင်ဈေး)၏ဇနီး၊ မင်းဗညားကျော်စွာ၊ မင်းအောင်မွန်ချမ်း၊ မိအင်ကြင်းမွန်၊ မင်းဉာဏ်သိုင်း၊ မင်းသိုက်ဉာဏ် တို့၏မိခင်သည် ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးအေးထွန်း
စစ်မှုထမ်း(ငြိမ်း)၊ရန်ကင်းမြို့နယ်
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ယခင်ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ (စာတိုက်ဗိုလ်ကြီး ဦးမောင်မောင်ထွန်း-ဒေါ်တင်မြင့်)တို့၏ သားငယ်၊ ယခု အမှတ် ၅၆၊ ထွန်းသီရိလမ်း၊(၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ(ဦးမြင့်သိန်း)၊ ဦးလှထွန်း၊ ဦးစိန်ထွန်း-ဒေါ်ခင်မိုးအေး၊ ဒေါ်မြင့်မြင့်ချို၊ (ဦးသန်းထွန်း)၊ ဒေါ်စန်းစန်းမြင့်တို့၏ညီ/မောင်၊ ဒါရိုက်တာဦးမောင်မောင်သက်ခိုင်-ဒေါ်ဝတ်ရည်ထွန်းတို့၏ အစ်ကိုသည်နေအိမ်၌၁၇-၄-၂၀၀၄ရက် တွင်ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄ ရက်မွန်းတည့် ၁၂နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအေးကြူ(ခ)
ဦးအေးကြည်
ဆည်မြောင်းဦးစီးဌာန၊တိုင်းတာရေးရုံး
အသက်(၄၂)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ ဦးလှထွန်း-ဒေါ်ခင်ညွန့် တို့၏သား၊ ဦးဝင်းလှိုင်(ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်မာကြီး၊ ကိုးမိုင်၊ ဝိဇ္ဇာလမ်းနေ ဒေါ်ဝင်းကြည်တို့၏ညီ/မောင်၊ ဗိုလ်မှူးဗထူးလမ်းနေ ဒေါ်ခင်သန်းဝေ၊ ကိုမြင့်လွင်-မသိန်းသိန်းကြည်၊ ကိုခင်စိုး-မမြင့်မြင့်ခိုင်(ဧကရီအထည်ချုပ်)တို့၏ အစ်ကို၊ တူ တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၁၇-၄-၂၀၀၄ရက် (စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးတင်မောင်(ခ)ဦးပေါက်စ
ဗဟိုစံပြငါးဈေးကြီး
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၈နေ (ဦးပိန်-ဒေါ်ငွေရှိန်)တို့၏ သား၊ ဒေါ်စောရင်၏ သားသမက်၊ ဒေါ်ခင်ပြုံးပြုံး၏ခင်ပွန်း၊ ဦးလှရွှေ(ခ) ရော်နီရှာဓိး-ဂိုးလ်တဂျ်၊ ဦးကျော်နီ-ဒေါ်ခင်အေးမြင့်၊ ဦးဝင်းမြိုင်-ဒေါ်ခင်လှတို့၏ညီမောင်၊ ဦးတင်ဝင်း၊ ဦးခင်မောင်-ဒေါ်သိန်းသိန်း၊ ဦးကိုကိုကြီး-ဒေါ်တင်လှ၊ ဦးမြင့်အောင်-ဒေါ်ခင်မြတို့၏အစ်ကို၊ မောင်ဇော်လင်းမောင် (1st Year, History)၊ မောင်ဇော်ဝင်းမောင်တို့၏ဖခင်သည် ၁၇-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၅း၂၀ နာရီတွင် ဆာကူရာဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

တပ်ကြပ်ဖေသိန်းခိုင်
(ရမည်းသင်း)
လ/၁၁၀၂၄၄
ကြည့်မြင်တိုင် ရဲစခန်း
အသက်(၄၀)

ရမည်းသင်းမြို့၊ သီလဝလမ်း၊ ပန်းတိမ်ရပ်နေ (ဦးမြရွှေ-ဒေါ်ရီရီခင်)တို့၏သား၊ ဦးသိန်းဟန်-(ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ဒေါ်နီနီအေး၏ခင်ပွန်း၊ မောင်ခိုင်ထူးစံ၊ မပြည့်ဖြိုးခိုင်တို့၏ဖခင်၊တကကထွန်းထွန်းဦး(ကကဆက်)-မသီသီရွှေ၊ ကိုချိုချိုမောင်-မညိုညိုမေတို့၏ညီ/မောင်၊မမေနွယ်ဝင်း(ဆည်မြောင်း)၊ ကိုမြတ်မင်းထွဋ်-မမြသီတာထွေးတို့၏အစ်ကိုသည် ၁၈-၄-၂၀၀၄ ရက် ညနေ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကြည့်မြင်တိုင် ရဲစခန်းဝင်းနေအိမ်မှ နံနက် ၁၁ နာရီတွင် ကားထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မောင်ရှိုင်းအောင်လွင်(ခ)
Suan Lian Sian Saang
အသက်(၁)နှစ် (၆)လ

ရန်ကုန်မြို့နေ Pu Lun Cin Kham-Pi Cing Kho Vungတို့၏ မြေး၊ Lia Ciin Lam Niang၊ Nu Ciin Nuam Cing-Pa Khup Sian Mung (ကိုမွန်သောင်)၊ Pa Kham Khan Suan(ပန်းချီကျော်ကျော်ဦး)-Nu Go Khan Cing၊ Tg. Kham Lian Thawng(ပန်းချီအိုဦးထောင်)၊ Lia Ciin Suan Cing၊ Man Lam Ciin တို့၏တူ၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်နဂါးတိုက်၊ အခန်း ၄၀နေ Pa John-Nu Nel Lian Mangတို့၏သား၊ Lia Vung Sian Lian Cing၊ Lia Vung Sian Deih Cingတို့၏မောင်လေးသည် ၁၆-၄-၂၀၀၄ ရက် ၇း၃၅ နာရီတွင် ကလေးဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်နှင့် ဓမ္မေလဘုရားကျောင်းရှေ့မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ဧပြီ ၁၈ ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

မကွေးတိုင်း အောင်လံမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ပဒဲရေလှောင်တမံ စီမံကိန်းတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးနေသော ရေထိန်းမျှော်စင်ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် အောင်လံမြို့နယ်တွင် တည်ဆောက်နေသော ပဒဲရေလှောင်တမံ

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော်အစိုးရသည် ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားဖြစ်သော အညာဒေသတွင် စိုက်ပျိုးရေ ရရှိရေး၊ သုံးရေ ရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးကို ခိုင်ခိုင်မာမာချမှတ်ပေးခဲ့ပြီး လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ အညာဒေသ၏ ရေရှည်အကျိုးစီးပွားအတွက် ချမှတ်ပေးထားသော ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက်ကို နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့်အတွက် လက်တွေ့တွင် အောင်မြင်မှုများရရှိခဲ့သည်။

မကွေးတိုင်းတွင် ရှေးယခင်က ကားလမ်းတစ်ဖက်တစ်ချက်တွင် နွေရာသီသို့ရောက်ရှိလျှင် သစ်ပင်ပန်းပင်များ ခြောက်သွေ့၍ လွင်တီးခေါင်ဖြစ်ပြီး အပူရှိန်များတက်လျက်ရှိခဲ့သည်ကို ကြုံကြိုက်တွေ့ကြုံကြရသည်။

ယခုအခါ မိမိတို့ စီးလာသောယာဉ်သည် မကွေးမြို့ဆီမှ အောင်လံမြို့ဆီသို့ သွားနေရာတွင် ကားလမ်းဘေးတစ်ဖက်တစ်ချက်တွင် အရိပ်ရ အပင်များ၊ အလှစိုက်သစ်ပင်များကြောင့် အပူရှိန်ကို လျော့ပါးစေသည့်အပြင် စလင်းဆည်၊ အိုင်းမဆည်၊ မဲဇလီဆည်တို့မှ ရရှိသော ဆည်ရေများဖြင့် စိုက်ပျိုးထားသော နွေစပါးခင်းများသည် မြစိမ်းရောင် ကော်ဇောကြီးခင်းထားသည့်အလား တစ်မျှော်တစ်ခေါ် မြင်တွေ့နေရသဖြင့် အပူဒဏ်ကို ပိုမိုလျော့ကျသွားစေပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေ ရရှိရေးတို့အတွက် ဆည်များကို အစုအဖွဲ့အလိုက် တည်ဆောက်လျက်ရှိရာတွင် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်တွင် မကွေးတိုင်းအရှေ့ခြမ်းဆည်အစုအဖွဲ့တည်ဆောက်လျက်ရှိသည်။ မကွေးတိုင်းအရှေ့ခြမ်းအတွက် နောက်ဆုံးတည်ဆောက်ခြင်းဟုခေါ်ဆိုရမည် ***စာမျက်နှာ ၁၁ ကော်လံ ၁*** *

မကွေးတိုင်း အောင်လံမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် ပဒဲရေလှောင်တမံစီမံကိန်း အလယ်ဗဟိုအူကြောင်း ဆောက်လုပ်မည့်နေရာကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ယနေ့ထုတ် စောင်ရေ ၂၀၁၁၄၁